ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-1-2008) (၅၅၅၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်လပ်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည် နိုင်စေရန်နှင့် အချုပ်အခြာအာဏာ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေစေရန်အတွက် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်သာမက ရရှိပြီးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော် အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုတိုးပွားအောင် ကျွန်ုပ်တို့ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ရွှေရတုလွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများ၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်များ၊ သိပ္ပံပစ္စည်းအလုပ်ရုံတွင် အဓိကအသုံးပြုသည့်စက်များ၊ လက်တွေ့ခန်းသုံး ပစ္စည်းများ၊ ပြုစုထုတ်ဝေသော စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ **ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

❑ **၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လယ်ယာ စိုက်ပျိုးရေးကဏ္ဍ ဖြစ်ထွန်းတိုးတက်မှု မှတ်တမ်း** စာမျက်နှာ-၇

❑ "တပ်မတော်အစိုးရသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက် ကျင့်သုံးခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံအဖြစ် ကျယ်ပြန့်ခိုင်မာစွာ ရပ်တည်နိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။"
ကျော်မင်းအေး၏ **"တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ"** (ဆောင်းပါး) စာမျက်နှာ-၈၊၉

❑ နိုင်ဝင်း(နေပြည်တော်)၏ **"ဒို့အလံ ဒို့မာန်ဆင့်ပါလို့"** (ကဗျာ) စာမျက်နှာ - ၉

❑ ရဲမင်းထက်၏ **"တည်ငြိမ်မှုကို လိုလားသည်"** (ကာတွန်း) စာမျက်နှာ - ၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂–၁–၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုနိုင်ငံထူထောင်ရေး ကြံဆကြိုးပမ်း အရည်အသွေးမြင့် စက်ပစ္စည်းများထုတ်လုပ်

နိုင်ငံတော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို တည်ထောင်လျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့်အတူ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများလည်း ဖြစ်ထွန်းနေသည်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများအနေဖြင့် စက်ကိရိယာများ ပိုမိုထုတ်လုပ်နိုင်ရေး၊ အဆင့်မြင့် စက်အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းလျက်ရှိသည်။

ယခုအခါ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ပဲခူးတိုင်းရေတာရှည်မြို့နယ်တွင် သာဂရစက်မှုနယ်မြေ စီမံကိန်းများကို အကောင်အထည်ဖော်နေသည်။ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစီမံကိန်း၊ မြေထိုးစက်နှင့် မြေတူးစက် ထုတ်လုပ်မှု စက်ရုံစီမံကိန်း၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်းနှင့် မြန်မာ–ကိုရီးယား စက်မှုသင်တန်းကျောင်း စီမံကိန်းများ ပါဝင်သည်။

အဆိုပါ စက်မှုနယ်မြေ စီမံကိန်းမှ ဒီဇယ်အင်ဂျင်များ ထုတ်လုပ်မည်ဖြစ်ရာ အကြီးစား ကုန်တင်ယာဉ်များ၊ ဘတ်စ်ကားကြီးများ၊ ဘီလပ်မြေသယ်ယာဉ်များ၊ ကမ်းရိုးတန်းသွားရေယာဉ်ကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ လေဖိစက်၊ ကျောက်ခွဲစက်နှင့် တွင်းတူးစက်များတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ အလားတူ မြေထိုးစက်နှင့် မြေတူးစက်များအပြင် ရေအားလျှပ်စစ်တာဘိုင်ကြီးများနှင့် ဂျင်နရေတာများကို ထုတ်လုပ်ပေးမည်ဖြစ်ရာ အခြားသောတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

သာဂရ စက်မှုနယ်မြေတွင် တည်ဆောက်လျက်ရှိသည့် စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများမှာ စက်မှုကဏ္ဍဖွံ့ဖြိုးရေး၊ စက်မှုနိုင်ငံထူထောင်ရေးအတွက်သာမက ပြည်သူများစားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက်ပါ အရေးပါသည်ကိုတွေ့ရသည်။ ထို့ကြောင့် မိမိတို့စက်ရုံလုပ်ငန်းအလိုက် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ သုံးစွဲသူအကြိုက် အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများမှ တာဝန်ရှိသူအသီးသီးတို့က ခေတ်မီစက်ကိရိယာနှင့် စက်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးမီ အဆင့်အတန်းမြင့် စက်စွမ်းအားပြည့် ကြိုးပမ်းထုတ်လုပ်ကြခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်ပြီး စက်မှုနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ လျော့ပါးမသွားစေရန် ထိန်းသိမ်း ပိုမိုအေးချမ်းတည်ငြိမ်မှုရှိစေရန်၊ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဝိုင်းဝန်းကူညီ

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ်(၁၃)၊ နိုင်ငံတကာဆက်ဆံရေးသင်တန်းအမှတ်စဉ်(၈)နှင့် အခြေခံသတင်းစာ ပညာသင်တန်းအမှတ်စဉ်(၁၁) သင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၃)၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်းအမှတ်စဉ်(၈)နှင့် အခြေခံသတင်းစာ ပညာသင်တန်း အမှတ်စဉ်(၁၁) သင်တန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားအတွက် ဦးစားပေးဆောင်ရွက်ကြမြဲဖြစ်ကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ရာတွင်လည်း မိမိနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံး ဆက်စပ်ဖြစ်ပေါ်နေသော ပကတိအခြေအနေနှင့်ဆီလျော်ကိုက်ညီသည့် မူဝါဒ၊ လမ်းစဉ်များနှင့်သာ လက်တွေ့အကောင်အထည်ဖော်ရစမြဲပင်ဖြစ်ကြောင်း၊ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာဖြင့် အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံသားများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှု ပကတိအခြေအနေမှန်ကိုလည်း နိုင်ငံအတွင်း၌ နေထိုင်ကြသည့် နိုင်ငံသားများကသာ အသိဆုံးဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်အပေါ် ဦးဆောင်ဦးရွက်ပြုနေကြသူများသည်လည်း နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှုများ၌ ကိုယ်တိုင်ပါဝင်ဖြတ်သန်းလာခဲ့ကြသည့် အတွေ့အကြုံရင့်ကျက်ကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် မွန်မြတ်သော စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်နေကြသူများဖြစ်ပါကြောင်း၊ မှန်ကန်သည့်မူ၊ လက်တွေ့ကြသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ရရှိလာသည့် အကျိုးတရားများ ဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများသည် မည်သည့်ခေတ် မည်သည့်အခါနှင့်မျှ မတူအောင်ဖြစ်ထွန်းနေပြီ ဆိုခြင်းကို ကြည်လင်သည့်အမြင်ဖြင့် ရှုမြင်နိုင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယခုဆိုလျှင် အမျိုးသားညီလာခံကြီးကချမှတ်ပေးသည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းကြီးက ပြည်သူများနှင့် လက်တွဲပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

လက်ရှိ ဖြစ်ပေါ်ပြောင်းလဲမှုများသည် ပြည်သူများ လိုလားသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဦးတည်ရှေးရှုနေတာကို အထင်အရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လျော့ပါးမသွားရစေရန် ထိန်းသိမ်းပြီး ပိုမိုအေးချမ်းတည်ငြိမ်မှုရှိစေရန်၊ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရန် စိတ်ကောင်းစေတနာမှန်နှင့် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော ဆူပူအကြမ်းဖက်မှုများ၊ အဖျက်လုပ်ရပ်များနှင့် ဘက်လိုက်စွက်ဖက်မှုများအား ကန့်ကွက်တားဆီးသွားပြီး အပြုသဘောဆောင်သော လုပ်ဆောင်မှုများအား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသင်းဝင်အားလုံး ပကတိအခြေအနေများအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။
(သတင်းစဉ်)

လုပ်သားများကောလိပ်(ရူပဗေဒအဓိက) သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁

၁၉၇၂–၇၇ ခုနှစ် ပညာသင်နှစ် လုပ်သားများကောလိပ် ရူပဗေဒအဓိက ကျောင်းသား၊ကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယ ပူဇော် ပွဲကို ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အခန်းအမှတ်(၁) ၁၂ထပ်အိုလံပစ် တာဝါ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ MIEC. PMC Group ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူတိုင်း မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ကျင်းပမည့်နေ့မတိုင်မီ ဦးကျော်သူ ဖုန်း–၂၅၆၆၀၂၊ ၀၉ ၅၁ ၂၆၅၇၆၊ ဦးစိန်သန်း ဖုန်း–၅၇၉၉၂၆၊ ဦးတင်အေး ဖုန်း– ၆၆၆၇၁၈၊ ဒေါ်ခင်နွဲ့ ဖုန်း–၅၃၇၀၁၉၊ ဦးခင်မောင်တင့် ဖုန်း–၂၁၄၈၃၀၊ ဦးခင်စိုး ဖုန်း–၂၁၄၈၄၆ တို့သို့ ဆက် သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိ သည်။
(က–ပ)

အင်္ဂပူမြို့နယ်၌ စာပေဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အင်္ဂပူမြို့နယ် စာပေဟောပြောပွဲ ကျင်းပရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အင်္ဂပူမြို့နှင့် မဲဇလီကုန်းမြို့တို့တွင် ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့၌ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေအနုပညာနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ အမျိုးသားစာပေဆုရစာရေးဆရာ ချစ်ဦးညို၊ အမျိုးသားစာပေဆုရစာရေးဆရာ ကျော်ဝင်း၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။
(ကြေးမုံ)

ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်တိုင်း လူမှုဝန်ထမ်း ဦးစီးဌာနမှ လ တန်း ကြိုကျောင်း အမှတ်(၂) ဒဂုံမြို့နယ်၏ ကာယ စွမ်းရည် ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပရာ ရိုးရိုးပြေးပွဲ၌ ပထမ ရရှိသော မစုလင်းလက်အား ရန် ကုန် တိုင်း လက် ထောက် တိုင်း ဦးစီးမှူး ဒေါ်ခင်ခင်စိုး ဆုချီးမြှင့်စဉ်။ (၄၁)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာ သင်နှစ် ပညာရေးစုံညီပွဲတော် ဂီတအနုပညာ တင်ဆက်မှု အစီ အစဉ်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံး တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာ နိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိသူများ၊ ပညာ ရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းတို့မှ ပညာရေး မှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်း သား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အက အဖွဲ့၊ မြန်မာ့ရိုးရာသိုင်းသရုပ်ပြ အဖွဲ့ များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၇-၂၀၀၈ ပညာသင် နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်း အနားကို နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားရုံရှေ့၌ ကျင်းပရာ ထူးချွန် ထက်မြက် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနား ကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ ဝင်များသည် အားကစားခန်းမအတွင်း ၌ ခင်းကျင်းပြသထားသော ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်၊ သတင်း အချက်အလက်နှင့် နည်းပညာဆိုင်ရာ သင်ကြားသင်ယူမှုပြကွက်၊ ပညာရေး ဆိုင်ရာ စွမ်းဆောင်မှု မှတ်တမ်းပြကွက်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်၊ အခြေခံပညာ ကျောင်းသား၊ ကျောင်း သူများ၏ ပန်းချီအနုပညာပြခန်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက် မြန်မာပြည်) သိပ္ပံပစ္စည်းအလုပ်ရုံတွင် အဓိကအသုံးပြုသည့်စက်များ၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်က ပြုလုပ် သော ပြန်ပြည့်မြဲစွမ်းအင်သုတေသန လုပ်ငန်းများ၊ ပညာရေးဝန်ကြီးဌာန သိပ္ပံပစ္စည်းအလုပ်ရုံက ထုတ်လုပ်သော အခြေခံပညာအဆင့်မှ တက္ကသိုလ်အဆင့် အထိ အသုံးပြုနိုင်သော လက်တွေ့ခန်း သုံးပစ္စည်းများ၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနက ပြသသော Cold Storage၊ တောင်ငူတက္ကသိုလ် ရူပဗေဒ ဌာနက ပြသသော Wind Mill၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထုတ် ဝေသော စာအုပ်များ၊ အင်္ဂလိပ်ဘာသာ နှင့် ဓာတုဗေဒဘာသာ သင်ထောက်ကူ ပစ္စည်းများ၊ အိုင်စီတီကို အခြေခံပညာ ကဏ္ဍတွင် အသုံးချခြင်းပြကွက်၊ ၂၀၀၇-၂၀၀၈ ထူးခြားကျောင်းသား ကျောင်းသူများ၊ ၂၀၀၇-၂၀၀၈ ပညာ သင်နှစ် ဂုဏ်ထူးဆောင် ကျောင်းသား၊ ကျောင်းသူများ၊ ခေတ်အဆက်ဆက် စာတတ်မြောက်မှုနှုန်းများနှင့် ၂၀၀၇ ခုနှစ် ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ ပြကွက်များ ကို လှည့်လည်ကြည့်ရှု အားပေးကြ သည်။

ဂီတအနုပညာတင်ဆက်မှု

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမ၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ပညာ သင်နှစ် ပညာရေးစုံညီပွဲတော် ဂီတ အနုပညာ တင်ဆက်မှုအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

ယင်းဂီတအနုပညာတင်ဆက်မှု အစီ အစဉ်များတွင် အမှတ်(၃) အခြေခံ ပညာဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ **"စုံညီပွဲတော်၊ တို့နွဲပျော်"** တေးသီချင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူလေးများ၏ **"အောင်စေ၊ ပိုင်စေ"**အက၊ နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ **"မြန်မာ့ကျောင်း"**သီချင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန အောက်ရှိ အခြေခံပညာ အထက်တန်းကျောင်း များမှ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် အာရှလူငယ်ပြိုင်ပွဲများ၊ (၂၄)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၊ ၂၀၀၇ ခုနှစ် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲများ၌ ရွှေတံဆိပ်၊ ငွေ တံဆိပ်နှင့် ဆုများ ရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူလေးများ၏ ကျန့်(ခေါ်)နှစ်ဖက်သွားဓား အုပ်စုလိုက် သရုပ်ပြကွက်၊ တွေလျန်ကျန့်(ခေါ်) နှစ်ယောက်အတိုက်ဓားသိုင်း၊ ဟုန်း ကွန့်(ခေါ်) မျောက်တုတ်သိုင်း၊ နန်း သောင်း(ခေါ်) တောင်ပိုင်းဓားသိုင်း၊ တိထန်းချွမ်း(ခေါ်) မြေလူးသိုင်းနှင့် အကြားအာရုံချို့ယွင်းသူ ကျောင်းသူ လေးများ၏ ထိုက်ကျိုချွမ်ယပ်တောင် ယိမ်းတို့ဖြင့် တင်ဆက်ကြသည်။

ဂီတအနုပညာ တင်ဆက်မှုအပြီး တွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးအား ပညာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ် သည်။

ယင်းနောက် ဝန်ကြီးက နေပြည် တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်အား ပညာရေးစုံညီ ပွဲတော် အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာ ရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၁ ရက် မှ ၃ ရက်အထိ ကျင်းပမည်ဖြစ် ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"တရားတစ်ပုဒ်၏တန်ဖိုး"တရားတော် (ဆရာတော် အရှင်ခေမိန္ဒ)
၇း၅၅-၁း၅၅	Industrial Talk [ဒေါက်တာ မျိုးသန့်တင်၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၅-၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅-၂း၅၅	ကျောင်းသားလူငယ်နှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ဒေါက်တာအောင်ထွဏ်း)
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	Midweek Sports News
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	**ဖွားချူ [စံရှားတင်၊ဝါးခယ်မရဲမောင်၊ဒါရိုက်တာခင်ဇော်(ကေသီပန်)]**
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	Hotel Guide "Parkroyal Hotel"
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅-၆း၀၅	မူးယစ်ကင်းစင်လူ့ဘောင်တစ်ခွင် MANA ၏ ရည်မှန်းချက်ပန်းတိုင်အသွင်(ဒုတိယပိုင်း)
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	International Video Topics "ထူးဆန်းထွေလာဒီကမ္ဘာကြီးမှာ"(အပိုင်း-၂)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Newcastle-Man City	ESPN(Live)
၂း၂၄	Liverpool-Wigan	Star Sports(Live)
၄း၃၀	Blackbum-Sunderland	ESPN(SDD)
	Bolton-Derby	Star Sports(SDD)

လွတ်လပ်ရေးနေ့နှင့် ကရင်နှစ်သစ်ကူးနေ့ လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန်နံနက် ၈ နာရီမှ ညနေ ၄နာရီအထိ သာဖွင့်လှစ်သော်လည်း ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)နှင့် ဇန်နဝါရီ ၈ ရက် (ကရင်နှစ်သစ်ကူးနေ့)များတွင် အများပြည်သူ ပျော်ရွှင် ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ပေကျင်းမြို့ ဧည့်ဂေဟာတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် ယာဆူအိုဖူကူဒါနှင့် တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့ ဒီဇင်ဘာ ၃၀ရက်က တွေ့ဆုံစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကထောက်ပံ့မည့် အကူအညီကိစ္စ အီဂျစ်က နှောင်ကြိုးအတည်းခံမည်မဟုတ်ကြောင်း ပြောကြား

ကိုင်ရို ဇန်နဝါရီ ၁

အမေရိကန်က အီဂျစ်နိုင်ငံသို့ပေးမည့် အကူအညီကိစ္စတွင် အီဂျစ်နိုင်ငံအနေဖြင့် မည်သည့်နှောင်ကြိုးတည်းမှုမျိုးကိုမျှ လက်ခံမည်မဟုတ်ကြောင်း အီဂျစ်နိုင်ငံခြားရေး ဝန်ကြီး အာမက်အဘူဂိတ်က ဒီဇင်ဘာ ၃၁ရက်တွင် ထပ်လောင်းပြောကြားသည်။

အမေရိကန်က အီဂျစ်နိုင်ငံသို့အထောက်အပံ့အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ပေးရန်ရှိသည်။ ထိုကိစ္စကိုဆွေးနွေးရန်အတွက် အမေရိကန်ကွန်ဂရက်မှ ကိုယ်စားလှယ် အီဂျစ်သို့ လာရောက်လည်ပတ်လျက်ရှိသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးသည့်အကြောင်းအရာကို ရည်ညွှန်း၍ အဘူဂိတ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံက အမေရိကန်၏ အကူအညီရရှိရေးအတွက် နှောင်ကြိုးအတည်းခံမည်မဟုတ် ဟူသောအချက်ကို အီဂျစ်ပါလီမန်အောက်လွှတ်တော် ပြည်ပဆက်ဆံရေးကော်မတီကလည်း အတည်ပြုလက်ခံထားသည်ဟု မာနာ သတင်းဌာနက တနင်္လာနေ့တွင်ထုတ်ပြန်သည်။

အီဂျစ်သည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်ရပ်တည် လုပ်ကိုင်သည်။ မည်သည့်ကြိုးကိုင်နှောင်တည်းမှုကိုမျှ လက်ခံမည်မဟုတ်ဟု အီဂျစ်ပါလီမန် ပြည်ပဆက်ဆံရေးကော်မတီ အကြီးအကဲ မူစတာဖာအယ်လ်ဖါကီကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချတ်ချိုင်းပါတီက ပီပီပီ၏ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်မည်

ဗန်ကောက် ဇန်နဝါရီ ၁

ထိုင်းနိုင်ငံ၏ရွေးကောက်ပွဲ၌ အနိုင်ရထားသော ပြည်သူ့အာဏာပါတီ (ပီပီပီ)က ဖွဲ့စည်းရန် ကြိုးပမ်းနေသည့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးကိစ္စတွင် မိမိ၏ချတ်ချိုင်းပါတီသည် ပါဝင်မည်ဖြစ်ကြောင်း ယင်းပါတီ၏ခေါင်းဆောင် ဘန်ဟန်ဆီလာပါရာချာက ဒီဇင်ဘာ ၃၁ရက်တွင် အတည်ပြုပြောကြားသည်။

ဒီဇင်ဘာ ၂၃ရက်ကကျင်းပသော ထိုင်းနိုင်ငံ၏ရွေးကောက်ပွဲတွင် ပြည်သူ့အာဏာပါတီက အမတ်နေရာ ၂၃၃ နေရာတွင် အနိုင်ရရှိပြီး ဒီမိုကရက်ပါတီက ၁၆၅ နေရာတွင် အနိုင်ရရှိခဲ့သည်။ အခြားပါတီနှစ်ခုဖြစ်သော ချတ်ချိုင်းပါတီနှင့် ပူအီရာပန်ဒစ်ပါတီတို့သည် ၃၇နေရာ နှင့် ၂၄နေရာတွင် အသီးသီးအနိုင်ရရှိသည်။ ပြည်သူ့အာဏာပါတီသည် ချတ်ချိုင်းပါတီနှင့် ပူအီရာပန်ဒစ်ပါတီတို့နှင့်ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရန်ကြိုးပမ်းနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါလက်စတိုင်းရွေးကောက်ပွဲ စောစီးစွာကျင်းပရေး ဟားမတ်စ်အဖွဲ့အနေဖြင့် လက်ခံရန် အာဘတ်စ်တိုက်တွန်း

ရာမာလာ ဇန်နဝါရီ ၁

ပါလက်စတိုင်းဒေသတွင် ဟားမတ်စ်အဖွဲ့များနှင့် ဖတာအုပ်စုများညှိနှိုင်းပြီး သမိုင်းစာမျက်နှာသစ်ဖွင့်ကာ ရွေးကောက်ပွဲကို စောစီးစွာ ကျင်းပနိုင်ရေး သဘောတူကြရန် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်က ဒီဇင်ဘာ ၃၁ရက်တွင် ပြောကြားသည်။

ရွေးကောက်ပွဲကျင်းပရေးကိစ္စနှင့် စပ်လျဉ်း၍ လပေါင်းအတန်ကြာအောင် အသံမကြားရဘဲ နှုတ်ဆိတ်နေခဲ့ပြီးမှ အာဘတ်စ်က ပြောကြားလာခြင်းဖြစ်သည်။ ထိုကိစ္စကိုဆောင်ရွက်ရာ၌ ပြိုင်ဘက် ဟားမတ်စ်အုပ်စုနှင့် နားလည်မှုရယူပြီးမှသာ ဆောင်ရွက်သွားသင့်သည်ဟု ၎င်းက ဖတာအဖွဲ့ထူထောင်သည့် နှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။ ပါလက်စတိုင်းများအကြား ကျင်းပသည့် ရွေးကောက်ပွဲ သည် ညီအစ်ကို အချင်းချင်းအကြား နက်ရှိုင်းသော နားလည်မှုမှ ပေါက်ပွားလာသည့် အာမခံချက်ရှိသော ရွေးကောက်ပွဲမျိုးဖြစ်လာစေရန် မိမိအစွမ်း ဆောင်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်ဟု အာဘတ်စ်က ပြောကြား သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကင်ညာ၌ ရွေးကောက်ပွဲရလဒ် မကျေနပ်၍ဆန္ဒပြ အဓိကရုဏ်းဖြစ်၍ ပြည်သူ ၁၀၀ ကျော် သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၁

ကင်ညာနိုင်ငံတွင်ကျင်းပသော ရွေးကောက်ပွဲတွင် လက်ရှိသမ္မတမဝါကီဘာကီ ပြန်လည်အနိုင်ရရှိသွားရာ အဆိုပါရွေးကောက်ပွဲရလဒ်ကို မကျေနပ်သဖြင့် ဆန္ဒပြရာမှ အဓိကရုဏ်းဖြစ်ပြီး အနည်းဆုံး ၁၂၄ဦး အသက်ဆုံးရှုံးရကြောင်း ဒေသခံရုပ်သံဌာနက ထုတ်လွှင့်သွားသည်။

ဆူပူဆန္ဒပြမှုများသည် ကင်ညာနိုင်ငံအနောက်ပိုင်းဒေသ ယူဂန်ဒါနယ်စပ်မှသည် နိုင်ရိုဘီမြို့တော်အလယ် နိုင်ငံအရှေ့ပိုင်းရှိ မွန်ဘာဆာမြို့အထိတိုင်အောင် ကျယ်ပြန့်စွာ ဖြစ်ပွားသည်။

ရိုက်တာသတင်းဌာန၏ ကနဦးသတင်းပေးချက်တွင် အနည်းဆုံး လူ ၇၀ သေဆုံးသည်ဟု ဖော်ပြခဲ့သည်။ သို့သော် ကေတီအင်သတင်းဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်၌ သေဆုံးသူဦးရေမှာ ၁၂၄ဦး အထိရှိကြောင်း ကြေညာသွားသည်။ သာမန်အားဖြင့် ကင်ညာနိုင်ငံသည် အရှေ့အာဖရိကဒေသ၌ တည်ငြိမ်မှုရှိသောနိုင်ငံတစ်နိုင်ငံအဖြစ် လက်ခံထားကြသည်။ သို့သော် ယခု မတည်ငြိမ်မှုများကြောင့် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူများကို လက်တွန့်သွားစေသည်ဟု ဆိုသည်။ယခုဆန္ဒပြမှုတွင် ပါဝင်သူများမှာ ရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားသူ ရာလားအိုဒင်ဂါကို ထောက်ခံသူများ အများဆုံးပါဝင်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ပီအင်အေ ဆောင်ရွက်ရန် အစ္စရေး တိုက်တွန်း

ဂျေရုဆလင် ဇန်နဝါရီ ၁

ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်အေ) သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းမရှိပါက အစ္စရေးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အစီအစဉ်များကို ဆောင်ရွက်မည်မဟုတ်ကြောင်း ဂျေရုဆလင် ပို့စ်သတင်းစာက အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုးလ်မတ်၏ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

အိုးလ်မတ်က ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ပီအင်အေက အကြမ်းဖက်အဖွဲ့များ၏ စခန်းများကို နှိမ်နင်းမည့်အစီအစဉ်များ ချမှတ်ဖော်ဆောင်မှုမရှိသမျှကာလပတ်လုံး အစ္စရေးက မည်သည့်ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံလုပ်ငန်းစဉ်ကိုမျှ ဆောင်ရွက်နိုင်မည်မဟုတ်ဟု အိုးလ်မတ်က ပြောကြားသည်။

မည်သည့်တစ်ဖက်သတ်လုပ်ဆောင်မှုမျိုးမဆို အစ္စရေးအတွက် လုံခြုံရေးပြဿနာများ ပေါ်ပေါက်စေနိုင်သည်ဟု ၎င်းက ပြောကြားသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စ၌ အစ္စရေး၏ ရပ်တည်ချက်ကို အလျှော့ပေးမည်မဟုတ်ကြောင်း၊ ပါလက်စတိုင်းတို့ဘက်မှ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆောင်ရွက်ရန် ကတိပြုခဲ့သည့်အတိုင်း အကောင်အထည်ဖော်ရေးမှာ အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲ၏ အခြေခံပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်ဈေးကွက်သို့ လေယာဉ်ရောင်းချနိုင်ရေး နိုင်ငံတကာ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ ကြိုးပမ်း

ဟန်နွိုင်း ဇန်နဝါရီ ၁

ဥရောပမှ အဲဘတ်စ်၊ အမေရိကန်အခြေစိုက်ဘိုးအင်း၊ ပြင်သစ်နိုင်ငံမှ အေတီအာနှင့် ကနေဒါမှ လေယာဉ်ထုတ်လုပ်သည့် ဘွမ်ဘာဒီယာစသည့် နိုင်ငံတကာ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ၎င်းတို့ ထုတ်လုပ်သည့် လေယာဉ်များကို ဗီယက်နမ်နိုင်ငံသို့ အပြိုင်အဆိုင် ရောင်းချနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဒီဇင်ဘာ ၃၀ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပေးပို့မည်

အဲဘတ်စ်ကုမ္ပဏီသည် ဗီယက်နမ်မှ ဗီယက်နမ်လေကြောင်းဌာနနှင့် ဗီယက်နမ်လေယာဉ် အငှားကုမ္ပဏီတို့ထံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ လေယာဉ်အစင်း ၃၀ ကို ဖြည့်ဆည်းပေးမည့် ကန်ထရိုက်နှစ်ခုကို လွန်ခဲ့သည့် ရက်သတ္တပတ်က ရရှိခဲ့သည်ဟု ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု သုံးသပ်လွှာစာစောင်တွင် ဖော်ပြထားသည်။ အဆိုပါ ကန်ထရိုက်စာချုပ်အရ အဲဘတ်စ်ကုမ္ပဏီက အဲဘတ်စ် အေ-၃၅၀-၉၀၀ ၁၀ စင်းနှင့် အဲဘတ်စ် အေ-၃၂၁-၂၀၀ အစင်း ၂၀ တို့ကို ရောင်းချမည်ဖြစ်ပြီး ပထမအသုတ်အဖြစ် လေယာဉ်များကို ၂၀၁၂ ခုနှစ်တွင် ဗီယက်နမ်သို့ ပေးပို့မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နော်ဝေး အပျော်စီးသင်္ဘော ရေခဲတောင်နှင့် တိုက်မိ

ဗျူနိုအေရီ ဒီဇင်ဘာ ၃၁

လူပေါင်း ၃၀၀ ကျော် လိုက်ပါလာသော နော်ဝေး အပျော်စီးသင်္ဘောတစ်စင်းသည် အန္တာတိကဒေသတွင် ရေခဲတောင်နှင့် တိုက်မိခဲ့ကြောင်း၊ သို့ရာတွင် ထိခိုက်သူမရှိကြောင်း အာဂျင်တီးနားအစိုးရ တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ပြောကြား

ခရီးသည် ၂၅၆ ဦးနှင့် သင်္ဘောဝန်ထမ်း ၇၀ လိုက်ပါလာသော အပျော်စီးသင်္ဘော"အမ်အက်စ်ဖရမ်"သည် အင်္ဂလိပ်ချွတ်ယွင်းသွားပြီးနောက် ရေခဲတောင်နှင့် တိုက်မိကြောင်း အာဂျင်တီးနားတောင်ပိုင်း အူရှူယာပင်လယ်ဆိပ်ကမ်းမြို့ရှိ ရဲတပ်ဖွဲ့ကပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အီဂျစ်အမျိုးသမီးသေဆုံး

ကိုင်ရို ဇန်နဝါရီ ၁

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်မှ တောင်ပိုင်း ကီလိုမီတာ ၁၂၀ ခန့်အကွာရှိ အီနီဆူးအက်ဖ် အုပ်ချုပ်ရေးဒေသတွင် အီဂျစ်အမျိုးသမီးတစ်ဦးသည် H5N1 ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကူးစက်ခံရပြီး သေဆုံးခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက စနေနေ့တွင် ဖော်ပြသည်။

၎င်းမှာ အူလာယူနက်စ်အလီမိုဟာမက်ဖြစ်ပြီး အင်္ဂါနေ့ ညနေတွင် သေဆုံးခဲ့သည်။ ၂၀၀၆ ခုနှစ်က ဖြစ်ပွားပြီးခဲ့သည့်နောက် အီဂျစ်တွင် ယင်းရောဂါဖြင့်သေဆုံးသူဦးရေ ၁၆ ဦးအထိ ရှိပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒယ်ရာမန်ရှာဟင်းအား ကိုးကား၍ ရုပ်မြင်သံကြားက ဖော်ပြသည်။

အသက် ၂၅ နှစ်ရှိ ၎င်းအမျိုးသမီးသည် ဘင်နီဆူးအက်ဖ်ဒေသရှိ ဘင်ဟာရွန်ကျေးရွာမှဖြစ်ပြီး ဘင်နီဆူးအက်ဖ်ဆေးရုံသို့ သောကြာနေ့က တင်ခဲ့သည်။ အီဂျစ်တွင် ယင်းရောဂါဖြစ်ပွားသူ ၃၉ ဦးအထိ ရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကင်ညာနိုင်ငံ ကီဆူမူမြို့တွင် အကြမ်းဖက် ဆူပူသူများအား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးဖြင့် နှိမ်နင်းနေသည်ကို ဒီဇင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

● **ကျောဖုံးမှ**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစားဖိုဆောင်သုံး သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီ၊ ကြက်သွန်ဖြူအရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန်ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချ နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေးများအတွင်း တိုက်ရိုက်ရောင်းဝယ်ဖောက်ကားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်မြို့နေပြည်သူများ ပိုမိုသက်သာချောင်ချိစွာ ဝယ်ယူနိုင်ရေးအတွက် တစ်ဆင့်ခံပြင်ပရောင်းဈေးများထက် ဈေးနှုန်းသက်သာစွာရောင်းချနိုင်ရေး၊ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က မျက်ခြည်မပြတ်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေး၊ စားသုံးသူများအလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် စားသုံးကုန်ပစ္စည်းအမယ်မျိုးစုံ ရောင်းချနိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်ပေးရေး၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သားငါးများကို ပြည်သူများတိုက်ရိုက်စားသုံးနိုင်ရန် ရောင်းချရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စမ်းချောင်းမြို့နယ် ဟံသာဝတီကိုယ်တိုင် ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးအတွင်း၌ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ထပ်မံတိုးချဲ့ဖွင့်လှစ်မည့်ကုန်ခြောက်အရောင်းဆိုင်ခန်း နှစ်ခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပုပ္ပားစကားဝါမြေဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိပဏ္ဍိတာရာမစာသင်တိုက်၏နာယက စာချ သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဇန်နဝါရီ ၉ ရက်တွင် လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ သံဃရက္ခိတဓမ္မာရုံ၏ ဆွမ်းအောင်ပွဲ၊ ဇန်နဝါရီ ၁၁ ရက်တွင် ရွှေပြည်သာမြို့နယ်(ဏ/၁၄)ရပ်ကွက် ပန်းခြံ (၁၉) မိသားစု၏ ဓမ္မပူဇာပွဲ၊ ဇန်နဝါရီ ၁၃ ရက်တွင် ရွှေပြည်သာမြို့နယ်(ဒ/၁၇) ရပ်ကွက် အပိုင်း(၃) မိသားစု၏ ဆွမ်းအောင်ပွဲနှင့် ပဌာန်းသိမ်းပွဲ၊ ဇန်နဝါရီ ၁၅ ရက်တွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိဇေယျာသီရိကျောင်း၏ မလွန်ဆန်လှူအသင်း၊ ဇန်နဝါရီ ၁၆ရက်တွင် လှိုင်မြို့နယ် အမှတ် (၁၀) ရပ်ကွက်ရှိ ကိုးတွင်းကျောင်းတိုက်၏ ပြည်လုံးချမ်းသာစေတီနှင့် ရွှေဘုံသာစေတီတို့၏ဗုဒ္ဓပူဇနိယပွဲတို့၌ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံစေတီပုံတူနှင့် ကျိုက်ထီးရိုးစေတီပုံတူ စေတီတော်နှစ်ဆူအတွက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း၏ (၁၀၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ တည်ထားကိုးကွယ်မည့် ဉာဏ်တော်၁၀၈ပေ ရွှေတိဂုံစေတီတော်ပုံတူနှင့်ကျိုက်ထီးရိုးစေတီတော်ပုံတူ စေတီတော်နှစ်ဆူတို့အတွက် ငွေကျပ်၁၀သိန်းကိုယနေ့တွင်ဥက္ကဋ္ဌဦးကျော်သောင်း၊ဒုတိယဥက္ကဋ္ဌ(ဘဏ္ဍာရေးမှူး)ဦးသိန်းဆောင်နှင့် အတွင်းရေးမှူး ဦးသိန်းတန်တို့က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးဒုတိယရုံးအဖွဲ့မှူး ဦးထွန်းရွှေမှတစ်ဆင့်လှူဒါန်းသည်။ (သတင်းစဉ်)

ပန်းတည်းတန်းအရုဏ်တော်ဝတ်အသင်း ရွှေပြားသင်္ကန်းတော်များ ရေစက်ချအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ ပန်းတည်းတန်း အရုဏ်တော်ဝတ်အသင်းကြီးမှ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၆၆)ကြိမ်မြောက် တစ်ပေပတ်လည်တစ်ပြားလျှင် အလေးချိန်သုံးကျပ်သားစီရှိ ရွှေပြားသင်္ကန်းတော်၂၄ပြား၊ ရွှေစင်ရွှေသား အလေးချိန်၇၂ကျပ်သား လှူဒါန်းခြင်း ရေစက်ချအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်က အသင်းတည်ရာ ဓမ္မာရုံကြီး၌ကျင်းပသည်။

အခမ်းအနားသို့ အသင်းကြီး၏ ဩဝါဒါစရိယဆရာတော်များဖြစ်တော်မူကြသော သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ၊ ဗားဂရာတိုက် ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ သံဝရဇောတိ အမှူးပြုသော ပင့်သံဃာ ၅၇ပါးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌ ဦးတင်ရွှေနှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေစင်၇၂ကျပ်သား တန်ဖိုးငွေ ကျပ် ၃၇၄ သိန်း လေးသောင်းနှင့် တရားဟောဓမ္မကထိကဆရာတော်များ၊ စာရေးတံမဲ လှူဒါန်းငွေ စုစုပေါင်း ကျပ် ၄၀၅သိန်း ငါးသောင်းကျော်နှင့် ဝါတွင်းကာလ လှူဒါန်းမှုအစုစုတို့အတွက် ဩဝါဒါစရိယ မှန်ကျောင်း ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရွှေပြားသင်္ကန်းများအား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံ အလှူရှင်များနှင့်အတူ သွားရောက်အပ်နှံ၍ အခမ်းအနားကို ရုပ်သိမ်းကြောင်းသိရသည်။ (က-ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်စေတနာ့ညကျောင်းသို့ စာသင်ခုံများပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့် လက်ခံရယူစဉ်။ (သတင်းစဉ်)

စေတနာ့ညကျောင်းသို့ စာသင်ခုံ၊ စာအုပ်များနှင့် ငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စေတနာ့ညကျောင်းသို့ စာသင်ခုံများ၊ အထူးထုတ်စာအုပ်များလှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက်၉နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စေတနာ့ညကျောင်းသို့ စာသင်ခုံများ၊အထူးထုတ်စာအုပ်များနှင့် အလှူငွေကျပ်လေးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က လက်ခံသည်။

ယင်းနောက် မြို့နယ်အသင်းဥက္ကဋ္ဌက ရာသက်ပန်အသင်းဝင်အဆိုပြုလွှာကို ဒေါ်မာမာဝေထံပေးအပ်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်းဥက္ကဋ္ဌကလက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စေတနာ့ညကျောင်းသို့ အလှူငွေကျပ်ငါးသိန်းအပါအဝင် စာသင်ခုံ၊ အထူးထုတ်စာအုပ်၊ ဗလာစာအုပ်စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂သိန်း ရှစ်သောင်းနှစ်ထောင်ကို ပေးအပ်လှူဒါန်းကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA) (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MPPA) (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကြီးကို ဇန်နဝါရီလ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း (ယခင်စိန်ဂျွန်းလမ်း)၊ အမှတ် ၂၉ ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

အောင်ဘာလေထီဆုကြီးများ ထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၁

(၂၂၈)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း(၅၀၀)ဆု

ဠ-၁၃၂၅၃၉

ကျပ်သိန်း(၃၀၀)ဆုများ

ဗ-၇၁၉၈၇၀
ဓ-၁၈၅၆၈၆

ကျပ်သိန်း(၂၀၀)ဆုများ

စ-၄၆၀၂၂၂
ဒ-၇၇၄၆၁၄
ပ-၅၁၅၈၆၇
ဓ-၄၉၂၈၂၈

ကျပ်သိန်း(၁၀၀)ဆုများ

ဝ-၉၆၂၃၉၆
င-၈၉၄၂၆၃
အ-၈၁၇၁၀၉
ဆ-၈၆၀၆၅၇
ခ-၇၄၂၈၂၃
ဍ-၆၃၇၇၁၁
ဖ-၃၉၈၁၄၆
ထ-၉၂၆၅၀၆
ဒ-၉၀၆၆၅၉
ဠ-၃၉၈၉၆၂
ယ-၂၂၉၂၆၁
ဘ-၃၃၃၆၆၆
ယ-၉၃၉၀၉၄
ဋ-၂၆၈၅၁၂
ဖ-၈၄၈၁၄၉
ဋ-၉၂၅၀၂၂
ဋ-၉၈၁၀၉၆
ဋ-၁၄၃၄၂၆

ကျပ်သိန်း(၁၀၀) (မင်္ဂလာစုံတွဲ)ဆုများ

စ-၂၉၇၆၅၅
ရ-၁၉၃၆၇၃
ပ-၁၄၂၂၅၄
ဝ-၈၆၉၄၄၃
ရ-၂၂၉၀၉၄
ဈ-၅၅၄၀၆၄
ဠ-၄၆၈၇၄၇
က-၉၀၁၉၃၀
ဂ-၅၅၂၄၅၄
ဋ-၂၃၀၉၇၆
ဠ-၁၆၄၇၄၂
ည-၈၈၄၀၃၂
ဗ-၁၂၃၄၄၄
ယ-၇၀၆၁၂၅
မ-၆၃၉၃၉၄
က-၅၃၀၉၃၀
ဌ-၃၉၅၈၈၅

မြန်မာနိုင်ငံပြင်ပ၌ အင်အားအသင့်အတင့်မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၁

ဒီဇင်ဘာ ၂၈ရက် မြန်မာစံတော်ချိန်မွန်းလွဲ ၁၂နာရီ၀၀မိနစ်၅၆စက္ကန့်အချိန်ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက်မိုင်၁၁၀၀ခန့်ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅:၂၅ ၇။ သီချင်းကြီးပဒေသာ
၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၅၀ ၁၂။ **"ဒီအိုတီအက်စ်" (ဖိုးဖြူ၊ကျော်ထူး၊ခိုင်သင်းကြည်၊ ကြူကြူသင်း) (ဒါရိုက်တာ-သိန်းဟန်)**
၇:၀၀ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၂၀ ၁၄။ ကြေးမုံရိုပ်သွင်တေးနုယဉ်
၇:၃၅ ၁၅။ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၅ ၁၆။ အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "ရွှေအားကစား ၂၀၀၇"
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ Franz Hararay's Magic Planet
၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း "ရေပြင်ညီ" (ရန်အောင်၊ခိုင်သင်းကြည်၊ သစ္စာဝင့်ထယ်၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စွာ ဆောင်ရွက်ရေးမှာကြားပြီး ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အာမခံလုပ်ငန်း တောင်ငူခရိုင်ရုံးသို့ ရောက်ရှိပြီး ခရိုင်မန်နေဂျာနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဆွမ်းစားကျောင်းဆောက်လုပ်ရန် မ,တည်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကိုင်းတာကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဘောဇနဆောင် ဆွမ်းစားကျောင်း ဆောက်လုပ်ရန် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၈)ရပ်ကွက် ယုဇနလမ်းနေ ဒေါ်မြလေးနှင့် မောင်-ဦးတင်အေး မိသားစုတို့က မတည် အလှူငွေကျပ် ငါးသိန်းကို ဒီဇင်ဘာ ၂၃ ရက်က ကျောင်းတိုက်ပဓာန နာယကဆရာတော် အရှင်ဣန္ဒောဘာသထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

အဆိုပါဆွမ်းစားဆောင်အတွက် လှူဒါန်းလိုသူစေတနာရှင်များအနေဖြင့် ဒေါ်မြလေး(မုန့်ဟင်းခါး)၊မောင်-ဦးတင်အေး ဖုန်း-၀၁-၃၉၆၄၃၇ (ရန်ကုန်)နှင့် ဦးလှသောင်း ဖုန်း-၀၄၆-၄၀၄၀၅ (ဧရာဝတီတိုင်း) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဖူးကြီးရေဖွင့်ပွဲအခမ်းအနား မြို့တော်ဝန် တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းက နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဦးဆောင်မှုဖြင့် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်း ဖူးကြီးရေဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်း၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားအစီအစဉ်အရ မင်္ဂလာအချိန်ကျရောက်သည်နှင့် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေတို့က မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၅၀၀ ကို ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်ပြီး ရေဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းကြကြောင်း သိရှိရသည်။ (၁၉)

ရှင် ၂၀၀၀ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ထိုက်တန်စွာ ဆုချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသော ရှင် ၂၀၀၀ ရဟန်းခံ၊ရှင်ပြုအလှူတော်မင်္ဂလာကို ၂၀၀၇ ခုနှစ် မတ် ၃၁ရက်က မကွေးတိုင်း ချောက်မြို့နယ်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ဓာတ်ပုံပြိုင်ပွဲတစ်ရပ်ကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ပြီး ဆုပေးပွဲ ကျင်းပသွားမည်ဖြစ်သည်။ ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း၊ နှစ်သိမ့်ဆု ငါးဆုအတွက် ငွေကျပ် ငါးသောင်းစီတို့ကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဆုရရှိသူများကို မကြာမီကြေညာပေးမည်ဖြစ်ပြီး ဇန်နဝါရီ တတိယပတ်တွင် ကျင်းပမည့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

သထုံမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

သထုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် အသင်းဝင် သား၊သမီးများ ဂုဏ်ပြုဆုပေးပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်သားသမီးများ၊နှစ်စဉ်ပညာရေးဆုရသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင် အသင်းဝင် သားသမီးများ စာရင်းကို ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဒုဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်မကြီးနှင့် နီးစပ်ရာအမှုဆောင်များထံ ဇန်နဝါရီ ၉ ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ကြရန်နှင့် မုန့်တီ၊ ထမင်းဝါဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်မြို့၌ ကတ္တရာလမ်းသစ်နှင့် ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အောင်ဆန်းပြည်သာယာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၇နာရီခွဲတွင် ပြည်သာယာရပ်ကွက်ရှိ ကတ္တရာလမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က ကတ္တရာလမ်းသစ် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အောင်ဆန်းပြည်သာယာ ကတ္တရာလမ်းသစ်သည် အရှည် ၂၁၂၂ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၄၆ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဤလမ်းသည် ပြည်သာယာရပ်ကွက်ကို ဖြတ်သန်း၍ ရှမ်းစုကျေးရွာနှင့် ပြည်-အောင်လံ လမ်းမကြီးကို ဆက်သွယ်ထားကြောင်း သိရှိရသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့သည် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် နဖားအင်း-ကြခတ်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်ကြသည်။

နဖားအင်း-ကြခတ် ကျေးလတ်ကျောက်ချောလမ်းသည် အရှည်ပေ ၉၇၀၀၊အကျယ်၁၀ပေရှိပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၀၇သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာခြောက်ရွာမှ မြို့သို့ အကျိုးပြုဆက်သွယ်သွားလာနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှူးပြု၍ ဖူးကြီးရေဖွင့်ပွဲ အခမ်းအနားတွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၉)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

မြောက်ယမား ရေကူရေလှောင်တမံ

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ရှိ မြောက်ယမား ရေကူ ရေလှောင်တမံကို တွေ့ရစဉ်။ *(မြောက်ယမား ရေကူ ရေလှောင်တမံသည် လယ်မြေဧက ၂၂၀၀၀ ကို အကျိုးပြုလျက်ရှိသည်။)*

၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတော်ဝန်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း

နိုင်ငံတော် အမှတ်စဉ်	ဒေသ အမှတ်စဉ်	ဆည်တမံအမည်	တည်နေရာ	အကျိုးပြုဧက	ဖွင့်လှစ်နေ့
၁၉၄	၂၂	လှိုင်းချောင်းရေလှောင်တမံ	မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်	၁၅၀	၃၁-၁-၂၀၀၇
၁၉၅	၂၃	ဖိုးနီရေလှောင်တမံ	မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်	၇၅	၃၁-၁-၂၀၀၇
၁၉၆	၃၇	မဒေးရေလှောင်တမံ	မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ်	၄၀၀၀	၂၅-၂-၂၀၀၇
၁၉၇	၅	ပြိုင်းချောင်းရေလှောင်တမံ	ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ်	၅၀၀၀	၃၁-၃-၂၀၀၇
၁၉၈	၁၀	ကတိုက်ရေလှောင်တမံ	မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်	၁၀၀၀၀	၃၀-၄-၂၀၀၇
၁၉၉	၄၃	ဘိုင်းဒါးရေလွှဲဆည်	ပဲခူးတိုင်းအရှေ့ခြမ်း ဒိုက်ဦးမြို့နယ်	၄၆၇၀၀	၁၉-၅-၂၀၀၇
၂၀၀	၉	မမြရေလှောင်တမံ	ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်	၁၀၀၀၀	၇-၆-၂၀၀၇
၂၀၁	၄၉	မာလဲနတ်တောင် ရေလှောင်တမံ	မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင် စဉ့်ကူးမြို့နယ်	၁၀၀၀၀	၂၂-၇-၂၀၀၇
၂၀၂	၃၈	ငွေးချိုရေလှောင်တမံ	မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်	၄၀၀	၁၉-၈-၂၀၀၇
၂၀၃	၅၀	ရှမ်းမငယ်ရေကူ ရေလှောင်တမံ	မန္တလေးတိုင်း မိတ္ထီလာ ခရိုင် မိတ္ထီလာမြို့နယ်	၂၀၀ရေကူ	၂၉-၉-၂၀၀၇
၂၀၄	၅၁	စည်သာရေကူ ရေလှောင်တမံ	မန္တလေးတိုင်း ပြင်ဦးလွင် ခရိုင် ပြင်ဦးလွင်မြို့နယ်	ရေပေးရေး	၂၅-၁၀-၂၀၀၇
၂၀၅	၂၃	မြောက်ယမားရေကူ ရေလှောင်တမံ	စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်	ရေကူ	၂၈-၁၁-၂၀၀၇
၂၀၆	၁၁	ဆိပ်ကျွန်းရေထိန်းတံခါး	မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်	၁၀၀၀၀	၂၈-၁၂-၂၀၀၇



ဘိုင်းဒါးရေလွှဲဆည်

ပဲခူးတိုင်းအရှေ့ခြမ်း ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးရေလွှဲဆည်ကို တွေ့ရစဉ်။ *(ဘိုင်းဒါးရေလွှဲဆည်ကို ဒိုက်ဦးမြို့ အနောက်မြောက်ဘက် ၁၆မိုင်ခန့်အကွာရှိ လှည်းဝိုင်းကျေးရွာအနီးတွင် တည်ဆောက်ထားပြီး လယ်မြေဧက ၄၆၇၀၀ ကို အကျိုးပြုလျက်ရှိသည်။)*

လယ်မြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသော ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကိုတွေ့ရစဉ်။ *(တမံအလျားမှာ ပေ ၁၁၈၀၀ ရှိပြီး တမံအမြင့်မှာ ပေ ၁၅၀ရှိသည်။)*

စိုက်ပျိုးမြေဧက ၁၀၀၀၀ ကို အကျိုးပြုလျက်ရှိသော မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကတိုက် ကျေးရွာအနီးရှိ ကတိုက် ရေလှောင်တမံကို တွေ့ရစဉ်။*(ကတိုက်ရေလှောင်တမံမှာ မြေသားတမံဖြစ်ပြီး တမံအမြင့် ၁၃၄ပေ၊ တမံအလျားပေ ၅၂၀၀ ရှိပြီး ကန်ရေပြည့်သိုလှောင် ပမာဏမှာ ဧကပေ ၅၆၀၀၀ ရှိသည်။)*

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သော နိုင်ငံဖြစ်သည်။

စင်စစ်တွင် မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုခန့်မှစ၍ ဗိသနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံငယ်များ ထူထောင်လျက် ကိုယ့်မင်း ကိုယ့်ချင်းဖြင့် အုပ်ချုပ်နေထိုင်လာခဲ့သည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာတို့သည်ပုဂံခေတ်တွင် အနော်ရထာ(၁၀၄၄-၁၀၇၇)၏ ဦးဆောင်မှုဖြင့် ပထမမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ တောင်ငူခေတ်တွင် ဘုရင့်နောင် (၁၅၅၁-၁၅၈၁)၏ ဦးဆောင်မှုဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရား(၁၇၅၂-၁၇၆၁)၏ ဦးဆောင်မှုဖြင့် တတိယ မြန်မာ နိုင်ငံတော်ကိုလည်းကောင်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ထူထောင်နိုင်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းရှိသူများ ဖြစ်ကြပါသည်။

သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်၌ အရေးအခင်းများနှင့်ကြုံတွေ့ရတိုင်း မြန်မာတိုင်းရင်းသားအားလုံးတို့သည် အတူတကွ လက်တွဲဖြေရှင်း ကျော်လွှားနိုင်ခဲ့ကြသည်။ ကောင်းတူဆိုးဖက် ရင်ဆိုင်ဖြတ်သန်းနိုင်ခဲ့ကြသည်။ သေအတူရှင်မကွာ လက်တွဲဆောင်ရွက်လာခဲ့ကြသည်။ ပြည်တွင်းပြည်ပ အန္တရာယ်ရန်စွယ်အပေါင်းကိုလည်း စည်းလုံးညီညွတ်စွာ တွန်းလှန်ချေမှုန်းနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုကြီးများ ထွန်းကားခဲ့သော အရွယ်ပမာဏကြီးမားပြီး လူဦးရေများပြားသည့် နိုင်ငံကြီးနှစ်နိုင်ငံ(အိန္ဒိယနှင့်တရုတ်)အကြားတွင် တည်ရှိနေသော်လည်း ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ဖန်တီးတည်ဆောက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသူများ ဖြစ်ကြောင်း သမိုင်းကြောင်းက ပြဆိုနေပါသည်။

(၁၉)ရာစုနှစ်တွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယတိုက်ကို ၎င်း၏ အင်ပါယာအတွင်း သွတ်သွင်းပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံကို ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ မြန်မာနိုင်ငံကို ကျွန်ပြုခဲ့သည့် ကိုလိုနီနယ်ချဲ့တို့၏ အခြားသော ရည်ရွယ်ချက်တစ်ခုမှာ တရုတ်နိုင်ငံ၏ နောက်ဘက်ဝင်ပေါက်အဖြစ် မြန်မာနိုင်ငံမှတစ်ဆင့် ဝင်ရောက်ရန်အတွက် ဖြစ်ပါသည်။

ထိုစဉ်က ဥရောပတိုက်သား ကုန်သွယ်နယ်ချဲ့သူများသည် တရုတ်နိုင်ငံကို ၎င်းတို့၏ အပိုင်ဈေးကွက်အဖြစ် သိမ်းပိုက်ရယူလိုဇော ပြင်းထန်ခဲ့ကြသည်။ ထိုနယ်ချဲ့အုပ်စုထဲမှ ဗြိတိသျှတို့က အိန္ဒိယမှတစ်ဆင့် တရုတ်သို့ဝင်ရောက်ရန် မလက္ကာရေလက်ကြားကို ဖြတ်ရခြင်း၊ တောင်တရုတ်ပင်လယ်ပြင်ကို ကျော်ရခြင်း စသည့် အချိန်ဖင့်နွှဲမှုမရှိဘဲ မြန်မာနိုင်ငံ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်ပြီး ထိုမှတစ်ဆင့် ကုန်းကြောင်းလမ်းမှ ဝင်ရောက်ရန် ရည်ရွယ် ဆောင်ရွက်ခဲ့ကြောင်း သမိုင်းအထောက်အထားများ ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းကလည်း အမေရိကန်နှင့် အပေါင်းပါတပ်များသည် အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံကို ဆက်သွယ်သည့် လီဒိုလမ်းမကြီးကို အပူတပြင်းဖောက်လုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ၁၇၂၆ ကီလိုမီတာရှည်လျားသည့် လီဒိုလမ်းမကြီးသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ် လီဒိုမြို့မှစတင်ကာ မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကိုဖြတ်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကူမင်းမြို့သို့ ချိတ်ဆက်ထားပြီး စစ်အတွင်းက အမေရိကန်နှင့်အပေါင်းပါတပ်များအတွက်အဓိကပို့ဆောင်ဆက်သွယ်ရေး လမ်းမကြီးဖြစ်ခဲ့သည်။

ယင်းဥပမာသာဓကအချို့ကို ကြည့်ရုံနှင့်ပင် မြန်မာနိုင်ငံတည်ရှိနေသော ပထဝီအနေအထားက ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ၏ ပထဝီ နိုင်ငံရေးသော့ချက်ကျမှုကို အကဲဖြတ်သုံးသပ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက် ကုန်းမကြီးပေါ်တွင် တည်ရှိနေပြီး အနောက်မြောက်နှင့် မြောက်ပိုင်းတွင် ကြီးမားကျယ်ဝန်းသည့် အာရှတိုက်အတွင်းပိုင်းဒေသများ ဆက်စပ်နေသည်။ အရှေ့ဘက်တွင် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသတို့ တည်ရှိနေသည်။ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဘင်္ဂလားပင်လယ်အော်၊ မုတ္တမပင်လယ်ကွေ့၊ ကပ္ပလီပင်လယ်အော်တို့နှင့် ဆက်စပ်နေသည်။

မြန်မာနိုင်ငံ၏ မြောက်ဘက်တွင် လူဦးရေသန်းပေါင်း ၁၃၀၀ ခန့်ရှိသည့် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် လူဦးရေသန်း ၁၁၀၀ ခန့်ရှိသည့် အိန္ဒိယနိုင်ငံနှင့်လူဦးရေသန်း ၁၄၀ကျော်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် အရှေ့တောင်ဘက်တွင် လူဦးရေ ၆၅သန်းကျော်ရှိသည့် ထိုင်းနိုင်ငံတို့ တည်ရှိနေကြပါသည်။

နိုင်ငံနယ်နိမိတ်သည် မိုင်ပေါင်း ၅၂၀၀ခန့်ရှည်လျားကာ အဆိုပါ အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၀ ကျော် ထိစပ်နေပါသည်။တရုတ်နိုင်ငံနှင့် ၁၃၅၇ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၈၅၇ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄မိုင် နယ်နိမိတ်ချင်း ထိစပ်နေခြင်းဖြစ်သည်။

ယင်းသို့ နိုင်ငံကြီးများအနီးတွင် ပထဝီအနေအထားအရ အချက်အချာကျစွာ တည်ရှိနေသည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်ခုအနေဖြင့် အရေးအကြီးဆုံး အမျိုးသားရေးအကျိုးစီးပွားမှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပင် ဖြစ်ကြောင်း လေ့လာဆန်းစစ်နိုင်ကြရမည်ဖြစ်သည်။ ထိုနည်းတူ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားရေး အကျိုးစီးပွား (National Interest)ကိုသာ ဦးစားပေး မျှော်ကိုးလုပ်ဆောင်ကြစမြဲဖြစ်ကြောင်း သိရှိထားကြရန်လည်း လိုအပ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်စလုံး ထိုနိုင်ငံသားတို့၏ လက်ဝယ်တွင် ရှိနေရမည်ဖြစ်သည်။ ထိုအာဏာသုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင် နိုင်ငံသည် ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်းခံနေရပြီဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်ကို ပြန်ကြည့်ပါက ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးလျှင်ပြီးချင်း အရှေ့အုပ်စုနှင့်

ကျော်မင်းအေး

အနောက်အုပ်စုတို့ ဝါဒရေးရာများ ယှဉ်ပြိုင်လာခဲ့ကြသည့် စစ်အေးကာလဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိုကာလတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးအခင်းများတွင် မည်သည့်အုပ်စုတွင်မှ မပါဝင်ဘဲ အမှန်တရားဘက်မှ ရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးခဲ့ပါသည်။

စစ်အေးကာလအတွင်း ကမ္ဘာနှင့်ချီသည့်စစ်ပွဲကြီးများ မဖြစ်ပွားခဲ့သော်လည်း ၁၉၅၀-၅၁ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကိုရီးယားစစ်ပွဲသည် ဒေသအဆင့်မှ ကမ္ဘာစစ်ကြီး ဖြစ်လုနီးပါး အခြေအနေထိ ဆိုက်ရောက်ခဲ့သည်။ ထိုကာလမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်နိုင်သည့် တရုတ်ကွန်မြူနစ်ပါတီအား တိုက်ခိုက်ရန်အတွက် CIAက တရုတ်ဖြူ တပ်ကြွင်းတပ်ကျန်များကို လက်နက်များ တပ်ဆင်ပေးပြီး မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကျူးကျော်ခြေကုပ်ယူစေခဲ့ပါသည်။ တရုတ်ဖြူကျူးကျော်မှုကို မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ခိုက်ခဲ့ရပြီး ကုလသမဂ္ဂသို့လည်း တိုင်ကြားဖြေရှင်းခဲ့ရသည်။(တရုတ်ဖြူ တပ်ကြွင်းတပ်ကျန်များကို ၁၉၆၁ခုနှစ်အထိ တိုက်ထုတ်ခဲ့ရသဖြင့် ၎င်းတို့ ဆယ်နှစ် ဆယ်မိုးပေးသွားသော နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သည့် ပြည်တွင်းသောင်းကျန်းမှုဒဏ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ယနေ့တိုင် မြန်မာနိုင်ငံအနေဖြင့် ဖြေရှင်းနေရဆဲဖြစ်ပါသည်။)

ယင်းအခြေအနေများအရ မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံပူးပေါင်းပြီး ၁၉၅၄ခုနှစ် ဇွန်လတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုချမှတ်ပြီး လိုက်နာကျင့်သုံးကြရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်မှာ-

(က) **တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊**

(ခ) **တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊**

(ဂ) **တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊**

(ဃ) **တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန်၊**

(င) **ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်** တို့ ဖြစ်ပါသည်။

> **နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာ အာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်စလုံး ထိုနိုင်ငံသားတို့၏လက်ဝယ်တွင် ရှိနေရမည်ဖြစ်သည်။ ထိုအာဏာသုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက အကြင်နိုင်ငံသည် ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်းခံနေရပြီဖြစ်။**

ယင်းကာလမှာပင် ၁၉၅၄ခုနှစ်
ကန်၊ ဗြိတိန်၊ ပြင်သစ်၊ သြစတြေး
ထိုင်း နှင့် ဖိလစ်ပိုင် (၈)နိုင်ငံတို့ စစ်
ရေးထိုးခဲ့သော အရှေ့တောင်အာရှ
Asia Treaty Organization-SE

မြန်မာနိုင်ငံသည် ဝါဒရေးရာယှ
တွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ
နေထိုင်ရေး မူကြီး(၅)ချက်ကိုသာ တ
ခဲ့သည်။ ယင်းမူကြီး(၅)ချက်သည်
ပါဝင်သည့် ဘက်မလိုက် လှုပ်ရှားမှ
အခြေခံအချက် အလက်များဖြစ်ခဲ့ပ
မှုအဖွဲ့သည် ၁၉၅၅ခုနှစ် အင်ဒိုနီးရှာ
ခဲ့သည့် အာရှ-အာဖရိက ကွန်ဖရင့်
မြန်မာနိုင်ငံအနေဖြင့် ကနဦး ဖော်
ဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် ခ
ပြိုင်မှုနှင့် အုပ်စုတိုက်ပွဲကြောင့် တောင
စစ်မီးသည် ၁၉၆၀ပြည့်လွန်နှစ်များ
ကူးစက်လောင်ကျွမ်းခဲ့ပြန်သည်။ ထ
လည်း ပြည်ထောင်စုကြီးမှ ခွဲထွက်
ဆက်သွယ် ဝင်ရောက်မည့် လှုပ်ရှား
ကြောင်း တွေ့ရှိနိုင်ပါသည်။

သို့ရာတွင် **မိမိနိုင်ငံ၏ ပြည်တွ**
အင်အားဖြင့်သာ ပြေလည်အောင် မြ
ခဲ့ပါသည်။ ပြည်ပ ပယောဂကြောင့်
ဟူသမျှအပေါ် ပြည်ပမှ ဝင်ရောက်စွ
တိုင်းရင်းသားပြည်သူလူထု၏ လ
ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာနို
ပိုင်ဆိုင်မှုနှင့် တည်တံ့ခိုင်မြဲမှုကို

မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်
မလိုက်သော နိုင်ငံခြားရေးဝါဒမှသ
နိုင်ငံခြားရေးဝါဒအဖြစ် ပြောင်းလဲ
အချုပ်အခြာအာဏာ တည်တံ့ခိုင်
ပါသည်။ ၁၉၈၈ခုနှစ် စက်တင်ဘာ
တာဝန်ကို ရယူထမ်းဆောင်ခဲ့သေ
လွတ်လပ်၍ တက်ကြွသော နိုင်ငံခြား
ခဲ့ပြီး အိမ်နီးချင်း နိုင်ငံများ၊ ဒေသတ
အသိုင်းအဝိုင်းအတွင်း အိမ်နီးချင်း
အဖြစ် ကျယ်ပြန့်ခိုင်မာစွာ ရပ်တည်
တွေ့ရှိ နိုင်ပါသည်။

တပ်မတော်အစိုးရလက်ထက်
ခုနှစ် ဇူလိုင်လ၌ အရှေ့တောင်အာရှ
အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ထိုနှစ်ဒီဇင်
စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆို
ဦးဆောင်ဦးရွက် ပြုမှုအစီအစဉ်(B
for Multi-Sectoral Technica
eration-BIMSTEC) အဖွဲ့
ယင်းသို့ဖြင့် အရှေ့တောင်အာရှဒေ
အကြားတွင် နိုင်ငံရေး၊ စီးပွားရေ

ယင်းကာလမှာပင် ၁၉၅၄ခုနှစ် စက်တင်ဘာလတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ထိုင်း နှင့် ဖိလစ်ပိုင် (၈)နိုင်ငံတို့ စစ်ရေးဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးခဲ့သော အရှေ့တောင်အာရှ စာချုပ်အဖွဲ့ (South East Asia Treaty Organization-SEATO)ပေါ်ပေါက်လာသည်။

မြန်မာနိုင်ငံသည် ဝါဒရေးရာယှဉ်ပြိုင်မှုနှင့် အုပ်စုအားပြိုင်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကိုသာ တစိုက်မတ်မတ် လိုက်နာကျင့်သုံးခဲ့သည်။ ယင်းမူကြီး(၅)ချက်သည် ယနေ့အဖွဲ့ဝင် (၁၁၈)နိုင်ငံပါဝင်သည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီး၏ အခြေခံမူများ၏ အခြေခံအချက် အလက်များဖြစ်ခဲ့ပါသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့သည် ၁၉၅၅ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပခဲ့သည့် အာရှ-အာဖရိက ကွန်ဖရင့်မှပေါ်ပေါက်လာခြင်း ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကနဦး ဖော်ဆောင်သူအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် ဆင်နွှဲလာသော ဝါဒရေးရာယှဉ်ပြိုင်မှုနှင့် အုပ်စုတိုက်ပွဲကြောင့် တောက်လောင်ခဲ့ရသော ဒေသဆိုင်ရာစစ်မီးသည် ၁၉၆၀ပြည့်လွန်နှစ်များ အစတွင် ဗီယက်နမ်နိုင်ငံကို ကူးစက်လောင်ကျွမ်းခဲ့ပြန်သည်။ ထိုနှစ်များမှာပင် မြန်မာနိုင်ငံ၌လည်း ပြည်ထောင်စုကြီးမှ ခွဲထွက်ပြီး SEATO စစ်အုပ်စုနှင့် ဆက်သွယ် ဝင်ရောက်မည့် လှုပ်ရှားမှုများ ကြီးထွားကျယ်ပြန့်လာကြောင်း တွေ့ရှိနိုင်ပါသည်။

သို့ရာတွင် **မိမိနိုင်ငံ၏ ပြည်တွင်းရေးကို မိမိ၏ ပြည်တွင်းအင်အားဖြင့်သာ ပြေလည်အောင် မြန်မာနိုင်ငံအနေဖြင့် ဖြေရှင်းနိုင်ခဲ့ပါသည်။ ပြည်ပ ပယောဂကြောင့် ဖြစ်ပေါ်လာခဲ့သော အရေးကိစ္စဟူသမျှအပေါ် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လုံးဝလက်မခံဘဲ တိုင်းရင်းသားပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် တည်တံ့ခိုင်မြဲမှုကို ပြဆိုနေပါသည်။**

မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်မှ စတင်၍ လွတ်လပ်၍ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒမှသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒအဖြစ် ပြောင်းလဲကျင့်သုံးပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေးရှုဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့သော တပ်မတော်အစိုးရသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးခဲ့ပြီး အိမ်နီးချင်း နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံအဖြစ် ကျယ်ပြန့်ခိုင်မာစွာ ရပ်တည်နိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိ နိုင်ပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ထိုနှစ်ဒီဇင်ဘာလ၌ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက် ပြုမှုအစီအစဉ်(Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ ယင်းသို့ဖြင့် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသနှစ်ခုအကြားတွင် နိုင်ငံရေး၊ စီးပွားရေးအရ အချက်အချာကျသည့် မြန်မာနိုင်ငံ၏ ရပ်တည်မှုအနေအထားကို ပိုမိုမြင့်မားလာစေခဲ့ပါသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကျယ်ပြန့် တိုးတက်ခိုင်မာလာမှုကလည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များကို အထောက်အကူပြုလျက် ရှိသည်။ အိန္ဒိယ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် မူဝါဒနှင့်စပ်လျဉ်းပြီး အိန္ဒိယပြည်ပရေးရာဝန်ကြီးက–

“မြန်မာနိုင်ငံနဲ့ အိန္ဒိယတို့ ပထဝီအနေအထားအရ နီးစပ်မှု၊ ယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက် အစဉ်အလာများ တူညီနေခြင်းတို့က ကဏ္ဍများစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံကောင်းများ ချမှတ်ပေးနိုင်ခဲ့ကြောင်း”

ပြောကြားထားပါသည်။

ထို့အတူ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံအား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကူအညီများပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုဟူသော ရပ်တည်ချက်ဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို အားပေးကူညီလျက်ရှိနေပါသည်။

ထို့အပြင် တရုတ်နှင့်အိန္ဒိယတို့သည် ၎င်းနှစ်နိုင်ငံရှိ သန်းပေါင်း ၂၄၀၀ မျှသော ပြည်သူများ၏ အကျိုးစီးပွားကို ကြီးမားကျယ်ပြန့်စွာ ဖော်ဆောင်နိုင်ရေးအပြင် အာရှနှင့်ကမ္ဘာ့ပြည်သူများ အကျိုးစီးပွားအတွက်ပါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်များ ပိုမိုရရှိလာမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

သာဓကတစ်ခုအနေဖြင့် ယခုအခါ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရေးရည်မှန်းချက်အရ ဖောက်လုပ်ခဲ့သော အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံဆက်သွယ်သည့် လီဒိုလမ်းမကြီးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို စိတ်တူကိုယ်မျှ ချမှတ်ခဲ့ကြသည့် အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံတို့အတွက် စီးပွားရေး၊ လူမှုရေးအထောက်အကူပြု ချစ်ကြည်ရေးလမ်းမကြီးအဖြစ် ပြန်လည်ပေါ်ထွန်းလာပြီဖြစ်ပါသည်။ (ယခု ၂၀၀၇ ခုနှစ်အတွင်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် တန်ချောင်မြို့နှင့် မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကြားရှိ ၁၇၆ ကီလိုမီတာလမ်းပိုင်း ပြန်လည်ချိတ်ဆက်ခြင်း အခမ်းအနားကို တရုတ်-မြန်မာနယ်စပ် ကမ်ပိုက်တီးမြို့၌ ကျင်းပနိုင်ခဲ့သည်။ တရုတ်အစိုးရက ယင်းလမ်းပိုင်းအတွက် ရန်ပုံငွေယွမ် ၁ ဒသမ ၂၃ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ သုံးပုံနှစ်ပုံသည် မြန်မာနိုင်ငံဘက်ရှိ လမ်းပိုင်းအတွက် သုံးစွဲရန်ဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံဘက်ရှိ လမ်းပိုင်းကိုလည်း ပြန်လည်ဖောက်လုပ်နေပြီဖြစ်သည်။)

ယင်းသည် တရားမျှတမှု၊ တည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်မှုတို့ကို အိမ်နီးချင်းမိတ်ဆွေကောင်းပီသစွာ ထာဝစဉ်ရှေးရှု ရပ်တည်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေး၏ ဂုဏ်ဒြပ်ကို အိမ်နီးချင်းနိုင်ငံများက လေးစားသမှု ပြုနေခြင်းပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နေပြည်တော် မြို့တော်ခန်းမ

ဓာတ်ပုံ-ဦးကိုကိုနိုင်(IPRD)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဒို့အလံ ဒို့မာန်ဆင့်ပါလို့

☆ အရေးကြုံ သွေးဆုံစည်းပါလို့
အရေးကြီး သွေးနီးပါ
မြန်မာ့အစဉ်အလာ။
အရေးရှိ သွေးညှိကာ
ညီညာတဲ့စိတ်ဓာတ်။
တရားမပျက် သလိုပ
ဓားထက်တာ ဒို့လူမျိုး
မညှိုးဂုဏ်ဒြပ်။

☆ သူ့လက်လာ ကိုယ့်လက်တွေ့
သိမ်မွေ့လို့ ဖော်ရွေစွာ
ဆက်ဆံတတ်ပါ။
သူတစ်ပါးအပေါ်မှာ
အပြစ်မရှာ အဆိုးမပြော။
ဒို့ကို ငြိုးပါလို့
အဆိုးမြင် မဟုတ်မဟတ်တွေနဲ့
ပုတ်ခတ်ကာ တမင်ညွှန်းလျှင်ဖြင့်
တစ်ခွန်းမခံ ပြန်ချေပမယ်
မြန်မာ့သဘော။

☆ သူ့ရေမြေ အာသာငမ်းပါလို့
ခြေတစ်လှမ်း မကျူးဝင်။
ဒို့မြေမှာ သူခြေရှုပ်လျှင်လည်း
တိုက်ထုတ်မည်ပင်။
သမိုင်းက သက်သေတင်
ပြည်တစ်ခွင် စုစည်း။
လွတ်လပ်ရေး အတွက်ကယ်ဖြင့်
အထွတ်မြတ် သွေး အသက်တွေနဲ့
ပေးဆက်ကာ **“မြန်မာပြည်သား”** ရယ်လို့
ဒို့အားမာန် ကမ္ဘာအနှံ့
ပြန့်ခဲ့သတည်း။

☆ မြန်မာ့ဂုဏ်ရောင်
ထွန်းပြောင်ဘိသေး။
သမိုင်းဝင် မော်ကွန်းထိုးတဲ့
မျိုးချစ်မာန်သွေး။

☆ ဘိုးဘေးတို့ အစဉ်အလာ
ခိုင်မာတဲ့ သတ္တိဖွဲ့။
ဒို့အလံ ဒို့မာန်ဆင့်လို့
ရဲရင့်လျက်ပဲ။ ။

[နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်]

နိုင်ဝင်း (နေပြည်တော်)

…းကြေွသည် အချုပ်
…ချုပ်အခြာအာဏာ
…အုပ်ချုပ်ရေးအာဏာ
…ရပ်စလုံး ထိုနိုင်ငံသား
…စ်သည်။ ထိုအာဏာ
…ားများနှင့် အခြားနိုင်ငံ
…ိုက်၍ဖြစ်စေ ရောက်ရှိ
…လိုနီနယ်ချဲ့ လက်သစ်
…ျွန်ပြုခြင်းခံနေရပြီဖြစ်။

ကရဝိက်ဥယျာဉ်ကမ္ဘာမှ စာအုပ်ဈေးပွဲတော်

သတင်းမှတ်တမ်းနှင့်ဓာတ်ပုံ–တင်ဝင်းလေး(ကြည့်မြင်တိုင်)

၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ကို မင်္ဂလာတောင်ညွန့်မြို့နယ် **"ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ"**တွင် ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။



စာအုပ်ဈေးပွဲတော်အတွင်းမှ စာပေဗိမာန် အရောင်းဆိုင်။

စာအုပ်ဈေးပွဲတော်သို့ သွားရောက်လေ့လာရာတွင် စာအုပ်ဈေးပွဲတော် ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)က **"အခု စာအုပ်ဈေးပွဲတော်က (၈)ကြိမ်မြောက်ကျင်းပတာ ဖြစ်ပါတယ်။ စာအုပ်တိုက်ပေါင်း ၆၀ က ဆိုင်ခန်းပေါင်း ၁၀၁ ခန်း ခင်းကျင်းရောင်းချတာဖြစ်ပြီး၊ စဖွင့်တဲ့နေ့ကနေ ဒီကနေ့ စတုတ္ထမြောက်နေ့အထိ စုစုပေါင်း ကျပ် ၈၆သိန်းကျော်ဖိုး ရောင်းချရပါတယ်"**ဟု ရှင်းပြခဲ့သည်။

Top Ten စာအုပ်ဆိုင်၌ ပျော် ပျော် ပါး ပါး ရောင်းဝယ်။

စာအုပ်တန်းများသို့ ဆက်လက်ကြည့်ရှုခဲ့ရာ သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင်များ၊ စာပေဗိမာန်စာအုပ်တိုက်နှင့်ပုဂ္ဂလိက စာပေတိုက်တို့မှ ဆိုင်ခန်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းထားသည်ကို တွေ့ရသည်။ ဆိုင်ခန်းများအတွင်း စာအုပ်ဝယ်သူ၊ စာအုပ်ရှာဖွေသူ၊ လေ့လာသူများဖြင့် စည်စည်ကားကား

စာအုပ်တွေကို ရာခိုင်နှုန်း ၄၀ ကနေ ရာခိုင်နှုန်း ၅၀ အထိ လျှော့ ရောင်းနေပါတယ်။
ဦးကျော်မင်း (ဇီဇဝါ စာအုပ်တိုက်ပိုင်ရှင်)

ရှိနေသည်။ ထိုသို့အထဲမှ ဇီဇဝါစာအုပ်ဆိုင်သို့ ဝင်၍ စနည်းနာကြည့်ရာ ဆိုင်ရှင် ဦးကျော်မင်းက **"စာရေးဆရာများစွာရဲ့ စာအုပ်အစုံစုံနဲ့ ဘာသာရပ်မျိုးစုံ အုပ်ရေ ၄၀၀၀ လောက် ခင်းကျင်းရောင်းချတာ ဖြစ်ပါတယ်။ ပွဲတော်ကာလအတွင်း ရာခိုင်နှုန်း ၄၀ ကနေ ရာခိုင်နှုန်း ၅၀ အထိလျှော့ပြီး ရောင်းချသွားမှာ ဖြစ်ပါတယ်"**ဟူ၍ ပြောကြားသည်။

စာပေဗိမာန် စာအုပ်အရောင်းဆိုင်မှ ဌာနခွဲမှူး (အရောင်း ဌာန)မှ ဒေါ်မြင့်သီတာခိုင်က **"နိုင်ငံတော်နှင့် စာပေဗိမာန်ဆုရ ပြည်သူ့လက်စွဲစာအုပ်များ၊ ရည်ညွှန်းစာအုပ်များ၊ တိုင်းကျိုး ပြည်ပြုစာအုပ်များ၊ အစိုးရဌာနဆိုင်ရာ လက်စွဲစာအုပ်များနဲ့ ပုဂ္ဂလိကတိုက်ထုတ် စာအုပ်အသစ်များကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေတာပါ"**ဟူ၍ ဆိုပါသည်။

သူငယ်ချင်းစာအုပ်တိုက်ဆယ်တိုက်စုပြီး ရောင်းချနေသည့် Top Ten စာအုပ်ဆိုင်မှ ဦးသန့်က **"စာအုပ်တွေဝယ်ရင် လာဘ်မိုးရွာတိုက်ထုတ် မဂ္ဂဇင်းအသစ်တစ်အုပ် လက်ဆောင်ပြန်ပေးပါတယ်"**ဟူ၍ ပြောကြားသွားသည်။ စာအုပ်တွေ မွှေနှောက်ရှာဖွေနေသော CB ဘဏ်မှ မသက်မာဝင်းက **"အခုလို စာအုပ်တွေ အများကြီးကြားထဲ ကိုယ်လိုချင်တာလေးတွေ ရှာဖွေပြီး ဝယ်ရတာပျော်ပါတယ်၊ စာအုပ်တွေလဲစုံ၊ ဈေးနှုန်းလဲ အတော်သက်သာတော့ များများဝယ်ဖြစ်တာပေါ့"**ဟူ၍ သူမအမြင်ကို ပြောကြားသည်။

စာ အုပ်တွေ လဲ စုံ၊ ဈေး နှုန်း လဲ တော် တော် သက် သာ တော့ များ များ ဝယ်ဖြစ် တာပေါ့။
မသက်မာဝင်း (CB ဘဏ်)

စာအုပ်ဈေးပွဲတော် ခင်းကျင်းပြသသည့် နေရာသည် ကျယ်ဝန်းသော နေရာဖြစ်ပြီး ကန်တော်ကြီးရေ၏ အေးမြမှု၊ သစ်ပင်တို့၏အရိပ်အာဝါသကောင်းမှု၊ လေကောင်းလေသန့်ရမှုတို့ကြောင့် မိသားစု အေးအေးလူလူ စိတ်ချမ်းချမ်းသာသာ လမ်းလျှောက်ထွက်ရင်း မိမိစိတ်ကြိုက် စာအုပ်များကို ဈေးနှုန်းသက်သာစွာ လေ့လာဝယ်ယူနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဒီဇင်ဘာ ၂၈ရက်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်တို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး e-Government အထောက်အကူပြုသင်တန်း (၃/၂၀၀၇) ဆင်းပွဲနှင့် ကွန်ပျူတာပစ္စည်းများ ပေးအပ်ပွဲတွင် သင်တန်းသားများအတွက် ကွန်ပျူတာပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

အင်္ဂပူမြို့ အထက အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁

အင်္ဂပူမြို့ အထက တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက်တွင် ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီတွင် ဆရာ၊ တပည့်တွေ့ဆုံပွဲ ကျင်းပမည်ဖြစ်ရာ အထက အင်္ဂပူတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများ၊ကျောင်းအုပ်ကြီးများ ပူဇော်ကန်တော့ပွဲသို့ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်စုံစမ်းနိုင်

ဦးမြင့်အောင် ဖုန်း–၀၉၅၁၅၉၁၄၄၊ ဦးအောင်မင်း ဖုန်း–၂၉၂၄၇၂၊ ဦးထွန်းအောင်ကျော် ဖုန်း–၆၀၀၃၄၄၊ ဦးဇော်နိုင်ထွန်း ဖုန်း–၀၉၅၁၄၇၉၆၂၊ ဦးခိုင်ဇော်ဝင်း ဖုန်း–၀၉၅၁၀၃၀၁၇၊ ဒေါ်မာလာသိန်း ဖုန်း–၂၀၀၀၁၄၊ ဒေါ်ခိုင်ဇင်ကြည် ဖုန်း–၂၂၄၄၂၄၊ ဒေါက်တာလှိုင်မြင့် ဖုန်း–၅၇၂၃၉၆၊ ဒုတိယဗိုလ်မှူးကြီးမျိုးမင်း ဖုန်း–၅၈၀၇၄၄၊ ဦးထွန်းသိန်း ဖုန်း–၀၆၇–၄၁၁၁၀၇ (နေပြည်တော်)၊ ဒေါ်ငွေးဝင်း ဖုန်း–၀၂–၆၀၇၄၄ (မန္တလေး) ကျင်းပရေး ကော်မတီ၊ ဦးမောင်မောင် (အင်္ဂပူမြို့) ဖုန်း–၀၄၄–၃၀၁၁၁၊ ဦးအောင်မြတ်ကျော် (အင်္ဂပူမြို့) ဖုန်း–၀၄၄ ၃၀၂၂၂၊ ဦးရဲဝင်း (အင်္ဂပူမြို့) ဖုန်း–၀၄၄–၂၂၂၀၇ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်မြို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲတွင် ဒဂုံဈေးအဝေးပြေး (လှိုင်သာယာ) "ဝ"တစ်လုံးကားဖြင့် စုပေါင်းထွက်ခွာမည်ဖြစ်သည်။ အလှူငွေ(သို့မဟုတ်) လိုက်ပါမည့်သူများ အထက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူရှင် တာမွေ မြို့နယ် ကျောက်မြောင်းမဂ္ဂင်လမ်းနေ ဦးစိုးဝင်း–ဒေါ်တင်တင်စိန် မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၉)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပုံရိပ်ပမာ အပိုင်း(၅၈)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ **English Usage**
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သိမ်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း–၁၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မြောက်ဥက္ကလာပမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ နှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် (၄) ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအကြောင်း ရှင်းလင်းပြောကြားသည်။

(ဝဲပုံ) (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ် သန်းဟန်က စွယ်စုံ တံခွန်စိုက် ဒိုင်းဆုကြီးကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပေးအပ်ချီးမြှင့်စဉ်။

(သိုင်းအဖွဲ့ချုပ်)

ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာန စွယ်စုံတံခွန်စိုက်ဒိုင်းရရှိ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် (၁၄)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ဒီဇင်ဘာ ၃၀ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် လူငယ်သိုင်းလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်၊ အထွေထွေ အတွင်းရေးမှူး ရဲမှူး ဉာဏ်မြင့်၊ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့သိုင်းအားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် လက်သိုင်းပြိုင်ပွဲ၌ ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးလေးခုဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ ဓားသိုင်းပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပထမ၊ စွမ်းရည်ပြပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေနှစ်ခုဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမရရှိသွားသည်။

စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးကို ရွှေ ၁၀ ခု၊ ငွေခုနစ်ခု၊ ကြေးခြောက်ခုဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ဆွတ်ခူးသွားသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီးကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပေးအပ်ချီးမြှင့်လိုက်သည်။ (ကြေးမုံ)

ဆောင်းကေရီမယ်

၂၀၀၇ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ရန်ကုန်တိုင်း ဆောင်းကေရီ ကာယအလှမယ်ပြိုင်ပွဲ လူသစ်တန်းတွင် ပထမရရှိသော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မှ ဖူးပြည့်စုံမောင်အား ဆုယူအပြီးတွေ့ရစဉ်။ (ကြေးမုံ)

ဒိုင်းဆု ပေးအပ်

၂၀၀၇ ခုနှစ် (၃၃)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် စွယ်စုံ တံခွန်စိုက်ဒိုင်းဆု ရရှိသော လယ်ယာ/ဆည်မြောင်း အသင်းအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နာယက ဦးကျော်သန်း ဒိုင်းဆုပေးအပ်စဉ်။ (ကြေးမုံ)

ဂရိတ်ဝေါကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၇ ခုနှစ် အဋ္ဌမအကြိမ်မြောက် ဂရိတ်ဝေါကြက်တောင်ရိုက် တံခွန်စိုက်ပြိုင်ပွဲ၊ ဗိုလ်လုပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။ ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ (၁၄)နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ (၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ သက်ကြီးတန်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲများတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က ဆုများကို ချီးမြှင့်ပေးကြပြီး ကြက်တောင်အားကစားပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ကြက်တောင်အားကစားနည်းတာဝန်ခံ နာယက ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ပေးအပ်၍ အကြီးတန်းအမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲဆုရ အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုကြေးငွေနှင့် ဆုဖလားချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် မြနန္ဒာအိမ်ရာအတွင်း စစ်ဆေးရှာဖွေ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁

လှိုင်မြို့နယ် (၁၄)ရပ်ကွက် မြနန္ဒာအိမ်ရာ တိုက်(၂၁) အခန်း(၀၀၁) အနီးတွင် ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီခွဲခန့်က ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အောင်သော်(၃၂)နှစ် (ဘ) ဦးတင်ထွန်း မရမ်းကုန်းမြို့နယ်နှင့် မင်းသူရှိန်(၄၂)နှစ် (ဘ)ဦးတင်ရှိန် မနော်ဟရီရိပ်သာ အလုံမြို့နယ်တို့ နှစ်ဦးကို မသင်္ကာ၍ စစ်ဆေးရှာဖွေရာ မင်းသူရှိန်၏ ဂျင်းဘောင်းဘီအိတ်ထဲမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား တွေ့ရှိခဲ့သည်။ အဆိုပါ အခန်း(၀၀၁)မှ အိမ်ရှင်ဖြစ်သူ ဝေမိုး(၂၇)နှစ် (ဘ) ဦးသိန်းအေး၏ အခန်းကို ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅ ပြားကို ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းတိုက်ခန်းအတွင်း တွေ့ရှိသူ မင်းသူရိန်စိုး(၂၃)နှစ် (ဘ) ဦးကြည်စိုး တိုင်းသစ်တောဝင်း ရွှေဟသာ ရပ်ကွက် ပြည်မြို့နှင့် စိုးမင်းမြတ်(၂၈)နှစ် (ဘ)ဦးစစ်ငြိမ်း အုန်းတောဘုရားလမ်း (၅)ရပ်ကွက် ကမာရွတ်မြို့နယ်နေသူတို့ပါ ဖမ်းဆီးရမိခဲ့သည်။ဖြစ်စဉ်နှင့် ပတ်သက်၍ လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းမှ မူးယစ်(ပ)သတင်းချက် အမှတ် ၁/၂၀၀၇ နှင့် ၂/၂၀၀၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror မှုခင်းသတင်းများ

လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာရှိ တိုက်ခန်းတစ်ခုမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်(အထူး)အဖွဲ့၊ လှိုင်သာယာရဲစခန်းနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ပိတောက်ချောင်းရဲစခန်း၏ မူးယစ်(ပ)သတင်းချက် အမှတ်၂/၂၀၀၇အမှုမှ တရားခံ ဝေမိုး၏ အစစ်ခံချက်အရ ဒီဇင်ဘာ ၃၁ ရက် ၁၀ နာရီ ၄၅မိနစ်တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မဟာရွှေလမ်းနေ ငြိမ်းချမ်း(ခ)ငြိမ်းချမ်းကျော်ဇင်(၂၁)နှစ် (ဘ)ဦးကျော်ဇင်၏ နေအိမ်အား ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာမတွေ့ရှိခဲ့သော်လည်း ဆက်စပ်ဖော်ထုတ်ခဲ့မှုကြောင့် အမှတ်(၆) ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ မဟော်ဂနီလမ်း၊ တိုက် (၄၃)နေ ငြိမ်းချမ်း (၃၀)နှစ် (ဘ) ဦးမောင်စိန်ထံတွင်ရှိကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ပူးပေါင်းအဖွဲ့သည် ယင်းအခန်းသို့ သွားရောက်ရှာဖွေစဉ် ငြိမ်းချမ်းက နေအိမ်ပြတင်းပေါက်မှ အနီရောင်စက္ကူဘူးနှင့် အဝါရောင်စက္ကူထုပ်တို့ကို လွှင့်ပစ်သည်ကို တွေ့မြင်သဖြင့် သက်သေများရှေ့တွင် ကောက်ယူဖွင့်ဖောက် စစ်ဆေးရာ အအေးစုပ်ပိုက်များဖြင့် ထည့်ထားသည့် WY နှင့် R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၇၄၉ပြား၊ ၁၇၄ ဒသမ ၉ ဂရမ်နှင့် ဆေးပြားရှုသည့်ပစ္စည်းများကိုလည်းကောင်း၊ နေအိမ်အိပ်ခန်းအတွင်းမှ ဆေးပြားရောင်းရငွေဟုယူဆရသော ငွေကျပ် ၃၀၀၀၀၊ ၉-၁၁-၂၀၀၇ ရက်စွဲပါ ငြိမ်းချမ်းမှ ရန်ကုန်၊ ဘုရင့်နောင်ဈေးရှိ ကမ္ဘောဇဘဏ်မှ တောင်ကြီး ကမ္ဘောဇဘဏ်သို့ ခွန်မြတ်မင်းထွန်း အမည်ဖြင့် ငွေကျပ်ငါးသိန်းလွှဲပို့ထားသည့် ငွေလွှဲပြေစာတစ်စောင်၊ ၂၇-၁၂-၂၀၀၇ရက်စွဲပါ ငြိမ်းချမ်းမှ ရန်ကုန်၊ ဘုရင့်နောင်ဈေးရှိ ကမ္ဘောဇဘဏ်မှ တောင်ကြီး ကမ္ဘောဇဘဏ်သို့ ချောစုအောင်(ခ) သိမ့်သိမ့်ချော အမည်ဖြင့် ငွေကျပ် ၁၄ သိန်း လွှဲပို့ထားသည့် ငွေလွှဲပြေစာတစ်စောင်တို့ကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။ဖြစ်စဉ်နှင့်ပတ်သက်၍ ငြိမ်းချမ်းနှင့် ထွက်ပြေးတိမ်းရှောင်နေသော ချောစုအောင်(ခ) သိမ့်သိမ့်ချော၊ ၎င်း၏ခင်ပွန်း ခင်မောင်ထွေး၊ ခွန်မြတ်မင်းထွန်းတို့အပေါ် လှိုင်သာယာရဲစခန်းမှ မူးယစ်(ပ)သတင်းချက် အမှတ် ၇/၂၀၀၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)/၂၁ အရ အမှုဖွင့် အရေးယူထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် မြကန်သာအိမ်ရာအတွင်း လူငယ်တစ်စုရမ်းကားတားမြစ်သူကို ဓားဖြင့်ထိုးထွက်ပြေး၍ အမှုဖွင့်အရေးယူ

ရန်ကုန် ဇန်နဝါရီ ၁

လှိုင်မြို့နယ်(၅)ရပ်ကွက် မြကန်သာအိမ်ရာအနီး ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခန့်က လူငယ်တစ်စု မူးယစ်ရမ်းကားနေသဖြင့် လှိုင်မြို့နယ်ရဲစခန်းမှ နယ်ထိန်းတပ်ကြပ်သက်ညွန့်နှင့် ဆိုက်ကားနင်းသူ ဦးအေးဝင်း (၅၁)နှစ် (ဘ) ဦးကျော်ငွေတို့က သွားရောက် တားဆီးရာ အဆိုပါလူငယ်များမှာထွက်ပြေးခဲ့သည်။ ၎င်းတို့ ထွက်ပြေးရာသို့ လိုက်လံဖမ်းဆီးရာ လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပေါင်းစည်းလမ်းအရောက်တွင် ထွက်ပြေးသူ တစ်ဦးက အသင့်ပါလာသောဓားဖြင့် ပြန်လည်ထိုးသဖြင့် ဦးအေးဝင်း၏ ယာဘက်ရင်ညွန့်တွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာဘက်လက်ခလယ်ပြတ်ရှဒဏ်ရာတစ်ချက် အသီးသီး ရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လှိုင်မြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရမ်းကားသူ လူငယ်တစ်စုအား လိုက်လံဖမ်းဆီးခဲ့ရာ ရဲလေး(၂၅)နှစ် (ဘ) ဦးမြင့်ဌေး သီရိမြိုင် (၇)လမ်း (၁၃) ရပ်ကွက် လှိုင်မြို့နယ်နှင့် မျိုးမြတ် (၂၉)နှစ် (ဘ)ဦးသန်းဝင်း ညောင်နှစ် ပင်လမ်း နယ်မြေ(၉) အင်းစိန်မြို့နယ်နေသူ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ရဲကြီးနှင့် စီကွမ်ဆိုသူ လူငယ်နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လှိုင်ရဲစခန်းမှ (ပ)သတင်းချက် အမှတ် ၆၄၉/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆/၁၁၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောင်မြေသာစံမြို့နယ်အတွင်း တည်းခိုနေသူ သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၁

မန္တလေးမြို့ မြောက်ပိုင်း မူးယစ် (အထူး)အဖွဲ့မှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ရက် ည ၁၀နာရီ ၁၅မိနစ်တွင် သတင်းအရ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ ဟိုတယ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ တည်းခိုနေသူ တင်ရှိန်(ခ)တင်စိန် (၄၀)နှစ် (ဘ)ဦးရှိနေ (ပေါက်တိုက်ရပ်၊ နမ့်ခမ်းမြို့)၊ စိုင်းနေဦး (၂၈)နှစ် (ဘ)ဦးလွယ်ဟိန်း (ပေါက်လုံရပ်၊ နမ့်ခမ်းမြို့) နှင့် မောင်လွင် (၃၈)နှစ်(ဘ)ဦးရော်လင်း၊ ပွဲစားတန်းရပ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၊ ဘိန်းချေး ၄၅ ဂရမ်၊ ဘိန်းရှူပြောင်းတစ်ခုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားရာမှ ရရှိထားသော ငွေကျပ် ၁၇၃၆၀၀၀ တို့ကို တွေ့ရှိရမိခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၁) ရဲတပ်ဖွဲ့စခန်းက (ပ)သတင်းချက် အမှတ် မယ(ပ)၃/၂၀၀၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၁၉/၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခြင်ဆေးခွေထွန်းရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် (၈)နံပါတ်ဆန်စက်လမ်းနေ အောင်မင်းလွင် (ခ) ပွေးထူ (၂၅)နှစ် (ဘ)ဦးရွှေသိန်း ပိတ်စဖြတ်လုပ်ငန်း၏ နေအိမ်တွင် ဒီဇင်ဘာ ၂၈ရက် သန်းခေါင်ကျော် မိနစ် ၃၀ ခန့်က ခြင်ဆေးခွေ ထွန်းရာမှ ပိတ်စဖြတ်စများကို မီးကူးကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် ပတ်ဝန်းကျင်ရှိ နေအိမ် ၁၉လုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ကျား ၆၅ဦး၊ မ ၈၇ဦး စုစုပေါင်း ၁၅၂ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးပျံပူဖောင်းပြုလုပ်စဉ် ဓာတ်ငွေ့အိုးပေါက်ကွဲ အလုပ်သမားတစ်ဦး ဒဏ်ရာရ

ရန်ကုန် ဇန်နဝါရီ ၁

လသာမြို့နယ် (၄)ရပ်ကွက် မဟာဗန္ဓုလလမ်း အမှတ်(၆၈၂) ဒုတိယထပ်တွင် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က မိုးပျံပူဖောင်းလုပ်ငန်းပိုင်ရှင် ဒေါ်သင်းသင်းမာ (၄၄)နှစ်၏ အလုပ်သမားဖြစ်သူ မောင်လေးမြင့် (၃၁)နှစ် (ဘ) ဦးသိန်းဦး (ရဲစုတိုးချဲ့ရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်) သည် မိုးပျံပူဖောင်းပြုလုပ်ရန်အတွက် ဓာတ်ငွေ့အိုးအတွင်းသို့ သွပ်စများနှင့် အက်စစ်များထည့်၍ ရောစပ်နေစဉ် အပူရှိန်မြင့်တက်ပြီး ပေါက်ကွဲမှုဖြစ်ပွားသည်။ ပေါက်ကွဲမှုကြောင့် လေးမြင့်၏ ဝဲဘက်လက်ခလယ်နှင့် လက်သူကြွယ်တို့တွင် လက်အဆစ်တစ်ဆစ်စီပြတ်သွားပြီး ခြေလက်များစုတ်ပြဲကာ အပူလောင်ဒဏ်ရာများ ရရှိသွားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသထားပြီး လသာရဲစခန်းမှ အရေးယူရန်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ကြာနီကန်ဆရာတော် ဦးရေဝတ(ဝါးခယ်မ) တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန် ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ (ဝါးခယ်မ)ဆရာတော်သည် ဇန်နဝါရီ ၆ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၉၁)လမ်းတရားမဏ္ဍပ်၊၈ရက်နှင့် ၉ရက်တွင် ရွှေပြည်သာမြို့နယ်၊ (၁၉/ဏ)ရပ်ကွက်ပန်းခြံ၊ ၁၀ရက်တွင်လှိုင်သာယာမြို့နယ်၊ ရေအုတ်ကန်ဈေး၊ ၁၂ရက်တွင် ပဲခူးမြို့ ပန်းလှိုင် နေ့စဉ် ဆွမ်းလောင်း အသင်း၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ရက်တို့တွင် ညောင်တုန်းမြို့ ဥသျှစ်လှစေတီတော်ဝင်း၊ ၁၆ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ ၁၇ရက်တွင် ပဲခူးမြို့ ဉာဏဗလစာသင်တိုက် စာပြန်ပွဲတော်၊ ၁၈ရက်တွင် ရွှေပြည်သာမြို့နယ် (၁၀/၃၃) ရပ်ကွက် မြဝတ်ရည်လမ်း စနေဆွမ်းလောင်းအသင်း တရားမဏ္ဍပ်များတွင် တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၁-၅၅၈၂၉၇၊ ၀၉-၅၀၃၃၅၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ ဦးစိန်တင်(မိဘကျေးဇူးကုန်မျိုးစုံရောင်းဝယ်ရေး)-
ဒေါ်တင်တင်ရွှေ(အထက်တန်းသူနာပြု-ငြိမ်း) တို့၏သားလတ်၊ မအေးမြတ်စံ AGTI (EP),
B.A (Hons;) M.A (Eng.) ၏မောင်၊ ဗိုလ်ကောင်းငြိမ်းထက် B.E(EC) DSTA ၏ အစ်ကို

ဗိုလ်ကောင်းမြတ်စိုး M.B.,B.S (DSMA)

နှင့်

ရန်ကုန်မြို့၊ အရှေ့ကြို့ကုန်း၊ (၆)လမ်း၊ ဇမ္ဗူရစ်ရွှေစင်ခြံနေ ဦးကျော်မြင့် (စစ်တက္ကသိုလ်-
ငြိမ်း)- ဒေါ်စန်းစန်းမြင့်တို့၏ မြေးထွေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမြို့နေ
ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်-ဒေါ်ဥမ္မာမြင့်(အလပြ၊ ငြိမ်း)တို့၏ သမီးထွေး၊
ဗိုလ်ကြီးနေလင်းထွန်း B.Sc (DSA)-မသဲနုမောင်မောင် B.A (Eng)၊
ဗိုလ်ကြီးစိုးငြိမ်းချမ်း M.B.,B.S , 1st Year M.Med. Sc(Orthopaedic)-
မဖွန့်နုမောင်မောင် B.C.Sc (Q) တို့၏ ညီမထွေး

မသီရိမောင်မောင် 2nd Year, Korean (YUFL)

တို့ကို နှစ်ဖက်မိဘများနှင့် စစ်ဘက်နယ်ဘက် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ ၂၆-၁၂-၂၀၀၇ ရက်နေ့တွင် ကွမ်းလုံမြို့နေအိမ်၌ စေ့စပ်မင်္ဂလာကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဗိုလ်ကောင်းမြတ်စိုး-မသီရိမောင်မောင်

စေ့စပ်မင်္ဂလာ ကျေးဇူးတင်လွှာ

စေ့စပ်မင်္ဂလာပွဲတွင် မင်္ဂလာအောင်ပန်းကုံးချီးမြှင့်ပေးပါသော ကွမ်းလုံခရိုင် ဆရာဝန်ကြီး ဒေါက်တာသန်းဌေးအောင်နှင့် ဇနီး ဒေါ်ခင်နန်းစိုး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဟိုပန်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးနှင့် ဇနီး ဒေါက်တာ ဂျီဆိုင်းတောင် တို့အားလည်းကောင်း၊ အောင်ဘိသိက်သွန်း မန္တန်ကိုရွတ်ဆိုပေးပါသော ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အောင်သြဘာစာပိုဒ်စုံရတုကို ဖတ်ကြားပေးပါသော ခရိုင်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ကူညီပေးပါသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကွမ်းလုံ)မှ ကျောင်းအုပ်ဦးသန်းထွန်းလေး၊ မေတ္တာဖြင့် တေးသံသာ များကို အော်ဂင်ဖြင့်တီးခတ်ပေးပါသော ခရိုင်တရားသူကြီး ဦးသိန်းဝင်းနှင့် မေတ္တာဖြင့် မင်္ဂလာတေးများကို သီဆိုပေးပါသော ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ အရာရှိများနှင့် တေးသံရှင်များဖြစ်ကြသော ကွမ်းလုံမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက် ဂုဏ်သရေရှိ လူကြီးမင်းများ၊ မြို့မိမြို့ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကောင်းမြတ်စိုး-မသီရိမောင်မောင်

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းပြုပြင်မွမ်းမံခြင်းကုသိုလ်ပွဲ ကုသိုလ်ပါဝင်ကြပါရန်နှိုးဆော်လွှာ

၁။ ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်းကြီးသည် အောက်ခံမြေသား မငြိမ်ခြင်း၊ နှစ်ကာလကြာညောင်းခြင်းတို့ကြောင့် ကွဲအက်ယိုယွင်းလာခဲ့ပါသည်။

၂။ ဂေါပကအဖွဲ့သည် သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကိုခံယူလျက်စောင်းတန်းကြီးအရှည်တည်တံ့ရန် ပြုပြင်မွမ်းမံလျက်ရှိပါသည်။

၃။ သို့ဖြစ်ရာကြိုတောင့်ကြိုခဲ စောင်းတန်းပြုပြင်မွမ်းမံခြင်းဟူသော ကုသိုလ်ပွဲတွင် အဆက်ဆက်သော မူလအလှူရှင်များနှင့် ပါရမီရှင်တို့ ကုသိုလ်ပါဝင်နိုင်ကြပါစေရန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၄။ စောင်းတန်းကြီးပြုပြင်မွမ်းမံခြင်းတွင် အခန်းအလိုက်၊ တိုင်အလိုက်လှူဒါန်းလိုသူများသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၅၃-၂၅၀၃၅၊
၀၅၃-၂၅၁၈၀
ဂေါပကအဖွဲ့

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ မြို့ပတ်လမ်းနေ
ဦးတင့်လွင်-ဒေါ်ရီရီတို့၏သား

ဗိုလ်ဇော်ဇော်နိုင်(ခ)ဇင်မိုးလွင် M.B.,B.S (D.S.M.A)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးချိုကြီး-ဒေါ်အေးအေးမြင့်တို့၏ တစ်ဦးတည်းသောသမီး

မသိမ့်သိမ့်ထွန်း B.Sc (Physics)

တို့အား နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ညွှန်ကြားရေးမှူး-ရန်ကုန်လေဆိပ်)နှင့်ဇနီး ဒေါ်မေရီမြင့်တို့၏ ရှေ့မှောက်တွင် ၃၁-၁၂-၂၀၀၇ရက်နေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇော်ဇော်နိုင်(ခ)ဇင်မိုးလွင်-မသိမ့်သိမ့်ထွန်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့ ၈၅ လမ်း၊ ၃၄ x ၃၅ လမ်းကြား၊ အကွက် ၅၅၀၊
ချမ်းအေးသာစံမြို့နယ်နေ
ဦးအောင်သိန်း-ဒေါ်စန်းရှင်တို့၏သားထွေး

မောင်ဇော်လင်းအောင်

B.E (Civil)၊ **အလုပ်ရုံခွဲမှူး**
အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ

နှင့်

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ ဦးဘရွှေ-ဒေါ်တင်လှိုင်
တို့၏သမီး

မဇာဇာလှိုင်

B.C.Sc (Computer Science)
အလုပ်ရုံစုမှူး၊ စက်ဘီးစက်ရုံ(ကျောက်ဆည်)

တို့သည် ၂၃-၁၁-၂၀၀၇ ရက်နေ့တွင် ကျောက်ဆည်မြို့၊ ဘောဂဝတီရပ် ဦးဘရွှေ-ဒေါ်တင်လှိုင်တို့၏ နေအိမ်၌ နှစ်ဖက်သော မိဘများနှင့် အပေါင်းအသင်းမိတ်ဆွေများဖိတ်ကြားပြီး စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်လင်းအောင်-မဇာဇာလှိုင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်နေ
ဦးသာငြိမ်း-ဒေါ်စန်းမြင့် တို့၏တစ်ဦးတည်းသောသား

မောင်မျိုးနိုင်ငြိမ်း Brunei Embassy

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်နေ
(ဦးအုန်းခင်နှစ်)-ဒေါ်မြမြတို့၏သမီးထွေး

မဆွေဇင်အိ B.Sc (Zoology)

Nat Ray Co.,Ltd. (OSIM)

တို့သည် ၁-၁-၂၀၀၈ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်မျိုးနိုင်ငြိမ်း-မဆွေဇင်အိ

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရှင်သိဒတ်လမ်း၊ အမှတ်(၆၁၁)နေ
ဦးမျိုးဝင်း(ခ)ဦးအစိုင်-(ဒေါ်ခင်အေးသိန်း)တို့၏ သားငယ်

မောင်အောင်သိန်းဝင်း(ခ)မင်းမင်း

B.Sc (Bot), Dip of Y.I.T (Mechanical)
Fanglee Metal Co., Ltd, Singapore

နှင့်

မြောင်းမြမြို့၊ ဦးဘချိုလမ်း၊ အမှတ်(၁၄၁)နေ
ဦးဘိုကြီး-ဒေါ်သန်းသန်းမြင့် (မျိုးဆက်သစ်ဘော်ဒါ)တို့၏ သမီးကြီး

မမေစုစုဟန်

B.Com (Q), CPA (Part-2), CAT, ACCA (Part-3)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၈-၁၂-၂၀၀၇ ရက်၌ လက်မှတ်ရေးထိုးပြီး ၁-၁-၂၀၀၈ ရက်တွင် စင်ကာပူနိုင်ငံ၌ မင်္ဂလာညှော်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်သိန်းဝင်း-မမေစုစုဟန်

မောင်အောင်လွင် Since (1968)

ပိုးထည်/ချည်ထည်ဆိုင်မှ

နှစ်ပေါင်း ၃၀ ကျော်တိုင် အရည်အသွေးစစ်မှန်မှု၊ ခိုင်မာသော အာမခံမှု၊ ချိုသာသောဈေးနှုန်း၊ စိတ်ချမ်းမြေ့သော ဝန်ဆောင်မှုများနှင့်အတူ ဝယ်ယူအားပေးကြသော မိတ်ဟောင်း/မိတ်သစ်များအား အထူးကျေးဇူးတင်ရှိစွာဖြင့် ၂၀၀၈ ခုနှစ် နှစ်သစ်ကူး မင်္ဂလာအခါသမယတွင် ကျန်းမာချမ်းသာ၍ အထူးရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးအောင်လွင်- ပိုးထည်/ချည်ထည်
အမှတ် ၁၂၂၊ ဗဟိုရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး
ရန်ကုန်မြို့၊ အိမ်ဖုန်း၂၅၄၈၀၇၊ ၀၉၈၀ ၂၄၈၄၃

INVITATION FOR TENDER

(TENDER NO.11(T)MPE /MOGAS(2)2007-2008

1. **Sealed Tenders are invited for the Myanma Petrochemical Enterprise, the Ministry of Energy for the Supply of Mogas (92-RON) (3,000±10%) Metric Tons.**
2. **Tender Closing Date: 15-1-2008 at (12:00)noon**
3. **Tender Opening Date: 15-1-2008 at (13:00)hrs.**
4. **Delivery Time: Last Week of February 2008**
5. **Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (3-1-2008)on payment of the One Hundred (100) FEC per set.**
6. **Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.**

Managing Director
Myanma Petrochemical Enterprise

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဟန်ထွေး ပိုင်ဆိုင်သော ယာဉ်အမှတ်၁က/၃၇၂၄ နီဆန်း ဆန်နီပစ်ကပ်ယာဉ်၏ အခွန်စိမ်းပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၄၆၉၈၆၊ ၃၈၃၉၄၀

ဥတုရာသီ တောက်ပိုမှီ၏

အထက(၃) မြောက်ဥက္ကလာပ နဝမအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁

အထက(၃)မြောက်ဥက္ကလာပ နဝမအကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း မြကန်သာခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဦးသန်းဝင်း ဖုန်း-၆၉၉၉၆၅၊ ဦးဇော်သန့် ဖုန်း-၆၉၀၃၉၄၊ ဦးကျော်တင့် ဖုန်း-၀၉-၅၁၀၅၅၉၄၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၅၁၁၃၁၈၄နှင့် ဒေါ်နီနီစော ဖုန်း-၆၉၉၉၈၃တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။(က-ပ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြား

ရန်ကုန် ဇန်နဝါရီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၆နာရီခွဲတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရာဇာဓိရာဇ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိပြီး ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ရွှေပြည်သာမြို့နယ်၊ သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင် နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ●

ဟံသာဝတီအခွန်လွတ်ဈေး ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များ ရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ကျပ် ၅၀ တန်နှင့် ကျပ် ၁၀၀ တန် နှစ်မျိုး **(ဝဲပုံ)**ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား